ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။
လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လကွယ်၊ ကြာသပတေးနေ့။ Thursday, 29 August 2019 ၉၇၅၆

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် ဆက်လက်ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၈

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့တွင် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းအပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦး ပေးပို့တင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင်**က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းကို ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ တင်သွင်းလာသည့် လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းရေးဆွဲရေး လုပ်ဆောင်နေသည့် လုပ်ငန်းစဉ်နှစ်ခုကို တစ်ပေါင်းတည်းဖြစ်စေရန် ပြည်ထောင်စုလွှတ်တော်အတွင်း လုပ်ဆောင်နေမှုသည် လုပ်ငန်းစဉ်ဆိုင်ရာ တရားမျှတမှု မရှိခြင်းမှာ ထင်ရှားကြောင်းကို အစီရင်ခံစာအရ တွေ့ရှိရပါကြောင်း၊ မည်သည့်စနစ်ပင် ကျင့်သုံးသည်ဖြစ်စေ တရားဥပဒေစိုးမိုးရေး အရေးကြီးသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ဥပဒေပြုလွှတ်တော်အတွင်းရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းစဉ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ပြဋ္ဌာန်းချက်များနှင့် ကြည့်မည်ဆိုပါက တရားဥပဒေစိုးမိုးရေးအားနည်းနေသည်ဟု ရှုမြင်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်အတွင်း ဥပဒေနှင့်မညီ ဆောင်ရွက်နေမှုများကို ရှေ့ဆက် မည်ကဲ့သို့ ထိန်းကျောင်းမည်ကို စဉ်းစားဆင်ခြင်ရန် ဖြစ်လာပါကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍




ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

ကြေးမုံ **ယနေ့ ဖတ်စရာ**

**ငယ်ဆရာ ပြောဖူးသည့် မဇ္ဈိမပဋိပဒါ**
လက်ာရည်ကျော်၏ ဆောင်းပါး စာမျက်နှာ » ၆

**လူထုစိန်ဝင်း ပညာသင်ဆု စက်တင်ဘာ ၁၅ ရက်အထိ လျှောက်ထားနိုင်**
စာမျက်နှာ » ၈

**ဆီဒွင်နိုင်ငံရှိ သဗ္ဗဇယမင်္ဂလာစေတီတော်မြတ်ကြီး၏ အထက်ဌာပနာပိတ်ပွဲနှင့် ထီးတော်တင်လှူပွဲ အခမ်းအနား ကျင်းပ**
စာမျက်နှာ » ၁၀

**ကုန်တင်သင်္ဘောတစ်စင်း အင်ဒိုနီးရှား ကမ်းလွန်ပင်လယ်၌ ပျောက်ဆုံး**
စာမျက်နှာ » ၁၃

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

❍ ရှေ့ဖုံးမှ

ယခုအစီရင်ခံစာဖော်ပြချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးစုများ၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများ ဖွင့်ဆိုခြင်း(Interpretation of the Constitution)သည် အားနည်းနေကြောင်းနှင့် ဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်မှုမရှိခြင်းကို တွေ့ရှိရသဖြင့် ပူးပေါင်းကော်မတီအနေဖြင့် ပြန်လည်သုံးသပ်သင့်ပါကြောင်းနှင့် အစီရင်ခံစာအား ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

**သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်**က လွှတ်တော်အတွင်းမှ အစုအဖွဲ့လိုက် ကိုယ်စားလှယ်အားလုံးပါဝင်သည့် ပူးပေါင်းကော်မတီ၏ ပြင်ဆင်ရေးလုပ်ငန်းစဉ်တွင် ယခုတင်သွင်းလာသည့် ပြင်ဆင်ရေးဥပဒေကြမ်းကို ထည့်သွင်းပေါင်းစပ်စိစစ်ဆောင်ရွက်ရန် အစီရင်ခံစာတင်သွင်းခြင်းသည် အဆိုပါ ဥပဒေကြမ်းတင်သွင်းသည့် ကိုယ်စားလှယ်များ၏ အခွင့်အရေးကို ပိတ်ပင်ခြင်းမဟုတ်သကဲ့သို့ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးရှိစေမည့် ဥပဒေတစ်ရပ်ဖြစ်လာစေရန် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် မှားယွင်းမှုမရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံနှင့်လူမျိုးအတွက် ပြည့်စုံလုံလောက်ပြီး ရေရှည်တည်တံ့ခိုင်မြဲစေမည့် ဥပဒေတစ်ရပ်ဖြစ်လာစေရန် ရည်ရွယ်တင်သွင်းခဲ့သည့် အစီရင်ခံစာကို လေးနက်စွာထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာအပေါ် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်မင်းလှိုင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်နှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဒေါ်သူဇာရွှေတို့က ဆက်လက်ဆွေးနွေးကြသည်။



သထုံမဲဆန္ဒနယ်မှ
ဒေါ်မာမာခိုင်



တပ်မတော်သား
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဗိုလ်မှူးဇေဖြိုး

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခြင်းအစီအစဉ်ပြီးဆုံးပြီဖြစ်ကြောင်းနှင့် ကျန်ရှိသည့် အစီအစဉ်များ ဆက်လက်ဆောင်ရွက်မည့်နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။


ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက က **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ**တွင် နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **ဒေါ်နန်းခမ်းအေး**အစား မိုင်းကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **ဦးစိုင်းဆိုင်မိုင်း**အား အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခြင်းကိုတင်ပြ၍ လွှတ်တော်၏ သဘောတူညီချက်ရယူသည်။

## ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြ

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက **၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ**ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာစာချုပ်၏ လက်နက်ကိုင်ပဋိပက္ခအတွင်း**



တပ်မတော်သား
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဗိုလ်မှူးမိုးမြင့်အောင်



ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင်

**ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံအနေဖြင့် အဆိုပါ နောက်ဆက်တွဲစာချုပ်ကို အတည်ပြုပါဝင်ခြင်းအားဖြင့် လက်နက်ကိုင်ပဋိပက္ခများတွင် ပါဝင်ပတ်သက်နေကြသည့် အရွယ်မရောက်သေးသည့် ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးရေးအတွက် လက်ရှိကြိုးပမ်းဆောင်ရွက်မှုများကို အားသစ်လောင်းပေးနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ပြင် ကလေးသူငယ်များ၏ အခွင့်အရေးကို နိုင်ငံတကာဥပဒေများနှင့်အညီ ပိုမိုကာကွယ်ပေးရေးအတွက် မြန်မာနိုင်ငံ၏ ကတိကဝတ်ကို ပိုမိုပြသနိုင်ရေးအတွက်လည်းကောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က လုံခြုံရေးကောင်စီကို နှစ်စဉ်တင်သွင်းလျက်ရှိသည့် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခ အခြေအနေများဆိုင်ရာ အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အပြုသဘောထင်ဟပ်ဖော်ပြနိုင်ရေးအတွက်လည်းကောင်း များစွာအထောက်အကူပြုစေမည်ဖြစ်သည့်အတွက် ယင်းအခြေပြစာချုပ်သို့ အတည်ပြုပါဝင်သင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့၏ မူနှင့် အခြေခံသဘောများနှင့်စပ်လျဉ်း၍ ဆွေးနွေး

ဆက်လက်၍ **၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့၏ မူနှင့် အခြေခံသဘောများ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။


**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုး**က ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများကို ဘတ်ဂျက်ငွေ တိုးမြှင့်သတ်မှတ်ပေးခြင်းသည် လွန်စွာကောင်းမွန်ပါကြောင်း၊ သို့သော် ဝန်ကြီးဌာနများအနေဖြင့် တိုးမြှင့်ရရှိလာသည့် ဘတ်ဂျက်ကို စီမံခန့်ခွဲနိုင်စွမ်းအားနည်းသည့်အတွက် ငွေကုန်သလောက် ထိရောက်မှုနည်းပါးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် စီမံကိန်းအပေါ်မူတည်ပြီး ဘတ်ဂျက်ရေးဆွဲရမည့်အစား ဘတ်ဂျက်အပေါ်မူတည်ပြီး စီမံကိန်းလုပ်ခြင်းသည်လည်း အဓိက မှားယွင်းမှုဟု ထောက်ပြလိုပါကြောင်း၊ ထိုအရာများသည် ဘဏ္ဍာရေးနှစ် ပြုပြင်ပြောင်းလဲမှု၏ ပထမနှစ်တွင် တွေ့ရှိရသည့် ပကတိတရား၊ အမှန်တရားပင်ဖြစ်ပြီး ယင်းအပေါ်တွင် သင်ခန်းစာယူကာ လာမည့်ဘဏ္ဍာနှစ်များတွင် အမျိုးသားစီမံကိန်း အပြည့်အဝ အကောင်အထည်ဖော်နိုင်စေရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း**က ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍကိုခြုံငုံပြီး အကြံပြုဆွေးနွေးလိုပါကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးမှုအတွက် အဓိကကျသည့် လျှပ်စစ်ကဏ္ဍတွင် လျှပ်စစ်ဓာတ်အားကို လုံလောက်စွာရရှိရန်နှင့် ၂၀၂၀ နွေရာသီအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် စီမံကိန်း ရှစ်ခုကို Project Bank နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ လျှပ်စစ်ဓာတ်အားခ နှုန်းထားများ ပြင်ဆင်သတ်မှတ်ခဲ့ခြင်းကြောင့် နှစ်စဉ်အစိုးရစိုက်ထုတ်သုံးစွဲနေရသည့် ငွေကျပ် ဘီလီယံ ၅၀၀ ကျော် သက်သာမည်ကို ကြိုဆိုရမည်ဖြစ်သော်လည်း ဘတ်ဂျက်များ ပိုမိုအသုံးပြုခွင့်ရစေသည့်အပြင် မီတာခများကိုလည်း တိုးမြှင့်ကောက်ခံထားပြီးဖြစ်သည့်အတွက် လာမည့်နွေရာသီတွင် မနှစ်ကကဲ့သို့ လျှပ်စစ်ဒုက္ခကို နေရာအနှံ့ ပြည်သူများ ခါးစည်းမခံရစေရန်နှင့် ခိုးယူမှုကြောင့် ပျောက်ဆုံးနေဆဲ လျှပ်စစ်ဓာတ်အားများကိုလည်း နည်းနိုင်သမျှ နည်းပါးအောင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန် အာရုံစိုက်ကြိုးစားပြီး ဝန်ဆောင်မှုပေးနိုင်ရန် အကြံပြုလိုပါကြောင်း။

မြန်မာနိုင်ငံတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိသည့် အိမ်ထောင်စုသည် ၄၄ ဒသမ ၈၁ ရာခိုင်နှုန်းနှင့် လျှပ်စစ်မီးမရသေးသည်မှာ ၅၅ ဒသမ ၁၉ ရာခိုင်နှုန်း ရှိနေကြောင်း အကြမ်းဖျင်းသိရပြီး ယခုကဲ့သို့ လိုအပ်ချက်များနေသည့် လျှပ်စစ်စွမ်းအင်နှင့်ပတ်သက်၍ ပိုမိုထုတ်လုပ်ဖြန့်ဖြူးသုံးစွဲနိုင်ရန်အတွက် များစွာဂရုတစိုက် ဆောင်ရွက်သင့်သည့် အခြေအနေဖြစ်သည့်အတွက် ငြင်းခုံအပြစ်တင်နေမည့်အစား သက်ဆိုင်သူ၊ တာဝန်ရှိသူများအားလုံး ပေါင်းစပ်ညှိနှိုင်းအဖြေရှာသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

## တည်ဆောက်ရေးလုပ်ငန်းများအားလုံးကို လုပ်ငန်းတင်ဒါခေါ်ယူပြီးမှသာ ဆောင်ရွက်သင့်

**လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး**က နှစ်စဉ်နိုင်ငံတော် ဘတ်ဂျက်ငွေလုံးငွေရင်းအသုံးစရိတ်၏ ၈၀ ရာခိုင်နှုန်းသည် တည်ဆောက်ရေးလုပ်ငန်းများပင် ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါလုပ်ငန်း



ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်
(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း



လယ်ဝေးမဲဆန္ဒနယ်မှ
ဦးမျိုးဇော်ဦး

များကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်နှင့်အညီ ဌာနဆိုင်ရာများက အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ သို့သော် ဌာနအချို့က သမ္မတရုံး၏ ညွှန်ကြားချက်ကို လက်တစ်လုံးခြားပြုလုပ်၍ လုပ်ငန်းတင်ဒါကို မခေါ်ဘဲ ပစ္စည်းတင်ဒါသာခေါ်ယူကာ ဌာနများကိုယ်တိုင် ဆောင်ရွက်နေခြင်းကြောင့် ရသင့်ရထိုက်သည့် ပိုလျှံငွေများ မရရှိသည့်အတွက် နိုင်ငံတော်တွင် များစွာနစ်နာနေရပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အကောင်အထည်ဖော်မည့် တည်ဆောက်ရေးလုပ်ငန်းများအားလုံးကို လုပ်ငန်းတင်ဒါခေါ်ယူပြီးမှသာ ဆောင်ရွက်သင့်ပါကြောင်း၊ လိုက်နာခြင်းမရှိပါက ထိထိရောက်ရောက် အရေးယူသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းတို့၏ မူနှင့် အခြေခံသဘောများနှင့်စပ်လျဉ်း၍ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မိုးကျော်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော်နှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ဩဂုတ် ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ ပညာပေးသင်တန်းပို့ချ

**ကျိုက်ထို ဩဂုတ် ၂၈**

ကျိုက်ထိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ ပညာပေးသင်တန်းကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။


သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထိုက်က အဖွင့်အမှာစကား ပြောကြားပြီး ကျိုက်ထိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မြင့်က မဲစာရင်းပြုစုခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပို့ချသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်သိမ့်သိမ့်သူက ရွေးကောက်ပွဲဆိုင်ရာ ရပ်ကွက်၊ ကျေးရွာလုပ်ငန်းများနှင့်ပတ်သက်၍ ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက လူဦးရေစာရင်းနှင့် မဲစာရင်းပြုစုခြင်းဆိုင်ရာ စိစစ်သင့်သည့် အချက်များကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဌာန ဝန်ကြီး မစ္စတာဆုန့်ထောင်းနှင့်တွေ့ဆုံ



**နေပြည်တော်  ဩဂုတ်  ၂၈**
တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဌာန ဝန်ကြီး မစ္စတာဆုန့်ထောင်းနှင့်တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုမြှင့်တင်နိုင်ရန် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် မစ္စတာဆုန့်ထောင်းတို့သည် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် လာမည့် နှစ်နိုင်ငံသံတမန်ဆက်သွယ်မှုနှစ် ၇၀ ပြည့်အခါသမယတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ယခုထက် ပိုမိုမြှင့်တင်ရန် နှစ်နိုင်ငံလုံးက ဆန္ဒရှိကြောင်းကိုလည်း ထပ်လောင်းအတည်ပြု ပြောကြားကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် မစ္စတာဆုန့်ထောင်း တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥပဒေဘာသာပြန်ကော်မရှင် ပဉ္စမအကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော်  ဩဂုတ်  ၂၈**
ပြည်ထောင်စုရှေ့နေချုပ် ဥက္ကဋ္ဌအဖြစ်ပါဝင်သော ဥပဒေဘာသာပြန်ကော်မရှင်၏ ပဉ္စမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကျင်းပ**



ဥပဒေဘာသာပြန်ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၇ ခုနှစ် မတ် ၃၀ ရက်တွင် ကျင်းပခဲ့ပြီး ဒုတိယအကြိမ် အစည်းအဝေးကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ကြောင်း၊ ထို့နောက် ၂၀၁၈ ခုနှစ် ဇွန် ၂၇ ရက်တွင် အမိန့်အမှတ်၊ ၁/၂၀၁၈ ထုတ်ပြန်ခဲ့ပြီး ဥပဒေ ကိုးခု၏ ဘာသာပြန်ဆိုချက်ကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ တတိယအကြိမ် အစည်းအဝေးကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် ဥပဒေ ခြောက်ခု ဆွေးနွေးနိုင်ခဲ့ပြီး အမိန့်အမှတ်၊ ၉/၂၀၁၉ ထုတ်ပြန်ကာ ယင်းဥပဒေ ခြောက်ခု၏ ဘာသာပြန်ဆိုချက်ကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ စတုတ္ထအကြိမ် အစည်းအဝေးကို ၂၀၁၉ ခုနှစ် မတ် ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ကြောင်း။

ယင်းအစည်းအဝေးတွင် ဥပဒေ ငါးခု ဆွေးနွေးခဲ့ပြီး မကြာမီ စာအုပ်အဖြစ် ထုတ်ဝေနိုင်တော့မည်ဖြစ်ပါကြောင်း၊ ဘာသာပြန်လုပ်ငန်းမှာ လွယ်ကူသည့်လုပ်ငန်း မဟုတ်ပါကြောင်း၊ ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များအားလုံး ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြကာ ဘာသာပြန်အမှားအယွင်း မရှိအောင် အကြိမ်ကြိမ် ဆွေးနွေးစိစစ်မှုများ ပြုလုပ်ကြသဖြင့် လုပ်ငန်းများထိုက်သင့်သလောက် ပြီးစီးအောင်မြင်ရခြင်းဖြစ်ပါကြောင်း၊ ဘာသာပြန် ဥပဒေစာအုပ်အမှတ် (၁)နှင့် (၂)တို့ ထုတ်ပြန်ပြီး ယခုအခါ အမှတ် (၃)နှင့် (၄)တို့ဖြန့်ဝေနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြီးခဲ့သည့် စတုတ္ထအကြိမ်အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် ဥပဒေ ငါးခု၏ ဘာသာပြန်ဆိုချက်များကို ထုတ်ဝေနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနသို့ အပ်နှံထားပြီးဖြစ်ပါကြောင်း၊ လက်ရှိ ဘာသာပြန်ဆိုဆောင်ရွက်နေဆဲ ဥပဒေ ၁၃ ခု ရှိပါကြောင်း၊ ၎င်းဥပဒေများ ပြီးစီးပါက ဘာသာပြန်ဆိုရန် ဥပဒေ ၄၃ ခုသာ ကျန်ရှိမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ကျန်ရှိသည့် ဥပဒေများကိုလည်း အမှားအယွင်းမရှိအောင် သင့်လျော်သည့် အချိန်ကာလအတွင်း ပြီးစီးအောင် ဆက်လက်ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

အစည်းအဝေးသို့ ဥပဒေဘာသာပြန် ကော်မရှင် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးကို ဩဂုတ် ၂၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ ပြန်ကြားရေးဝန်ကြီးဌာနနှင့် MoU လက်မှတ်ရေးထိုးထားသော INGOs အဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်  ဩဂုတ်  ၂၈**
အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီသည် ပြန်ကြားရေးဝန်ကြီးဌာန၊ ၎င်းဝန်ကြီးဌာနနှင့် MoU လက်မှတ်ရေးထိုးထားသော INGOs အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် အမှတ် (I-18) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် MoU လက်မှတ်ရေးထိုးထားသော INGOs အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

အဆိုပါအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဦးမင်းဦး၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ INGOs အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**





# ပြည်သူ့လွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် IRI မှ ဦးစိုင်းဇော်လင်းမောင် ဦးဆောင်သော ပါတီ ၁၅ ခုမှ အမျိုးသမီးပါတီဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဩဂုတ်  ၂၈**
ပြည်သူ့လွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်သည် International Republican Institute (IRI) မှ ဦးစိုင်းဇော်လင်းမောင် ဦးဆောင်သော ပါတီ ၁၅ ခုမှ အမျိုးသမီးပါတီဝင်များအား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-12) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကော်မတီဥက္ကဋ္ဌက ကော်မတီ၏ တာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြားပြီး အမျိုးသမီးပါတီဝင်များက အမျိုးသမီးနှင့် ကလေးသူငယ် အကြမ်းဖက်မှုများ၊ အခွင့်အရေးဆုံးရှုံးနစ်နာမှုများနှင့် အမျိုးသမီးများ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေနှင့်ပတ်သက်၍ မေးမြန်းခဲ့သည်များကို ကော်မတီဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

တွေ့ဆုံပွဲသို့ ကော်မတီအတွင်းရေးမှူး ဒေါ်ကြည်မို့မို့လွင်နှင့် ကော်မတီအဖွဲ့ဝင် ဒေါ်ခင်စန္ဒီတို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တီမောလက်စ်တေနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၈**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အထူးသံတမန်အဖြစ် တီမောလက်စ်တေနိုင်ငံ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နှစ်(၂၀)ပြည့်အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ဓါတ်ပုံ)**



**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နှစ်(၂၀)ပြည့်အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်မည်**

ပြည်ထောင်စုဝန်ကြီးသည် စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တို့မှတစ်ဆင့် တီမောလက်စ်တေနိုင်ငံ ဒီလီမြို့သို့ သွားရောက်ခြင်းဖြစ်ပြီး ဩဂုတ် ၃၀ ရက်တွင် ဒီလီမြို့၌ ကျင်းပမည့် တီမောလက်စ်တေဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နှစ်(၂၀)ပြည့်အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် လိုက်ပါသွားသည်။

**သတင်းစဉ်**

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ပြည်နယ်ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**တောင်ကြီး ဩဂုတ် ၂၈**
ရှမ်းပြည်နယ် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ပြည်နယ်ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၈ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အခွင့်အရေးများ ပြည့်မီစေရန်**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ပြည်နယ်ကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ် တာဝန်ယူလျက် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မသန်စွမ်းသူများအသင်းများကို ဖွဲ့စည်းခဲ့ရာ ၂၀၁၉ ခုနှစ် ဩဂုတ် ၉ ရက်တွင် ရှမ်းပြည်နယ် မသန်စွမ်းသူများအသင်းကို မဲစနစ်ဖြင့် ရွေးချယ်ကာ အဖွဲ့ဝင် ၁၈ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကော်မတီမှတစ်ဆင့် လူတိုင်း အကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှု မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အခွင့်အရေးများကို ပြည့်မီလာစေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များဆိုင်ရာ (၂၀၃၀)အစီအစဉ်၏ ကတိပြုထားရှိသည့် မည်သူမှ နောက်ကျ မကျန်ရစ်စေရေးမူနှင့်အညီ တိုင်းရင်းသားလူမျိုး မသန်စွမ်းသူများ၊ လူနည်းစုမသန်စွမ်းသူများအတွက်ပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ဘဝ အရည်အသွေးပိုမိုဖွံ့ဖြိုးရန်၊ တန်းတူညီမျှအခွင့်အရေးရရှိရန်၊ အပြည့်အဝပါဝင်ဆောင်ရွက်ခွင့်ရရှိရန်၊ မသန်စွမ်းသူများ၏ နှစ်စဉ်ဘဝတွင်လည်းကောင်း၊ ရပ်ရွာအတွင်းတွင်လည်းကောင်း လူမှုရေးဝန်ဆောင်မှုတို့ကို လက်လှမ်းမီရရှိနိုင်ရန်၊ ၎င်းတို့ရင်ဆိုင်နေရသော အတားအဆီးနှင့် အခက်အခဲများကို ဖယ်ရှားပေးရန်၊ လုပ်ဆောင်နေသော နိုင်ငံတော်အဆင့် ကြိုးပမ်းဆောင်ရွက်မှုများကို ဝိုင်းဝန်းအထောက်အကူပြုပေးကြရန် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ပြည်နယ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက အထွေထွေဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ရန်ကုန် တက္ကသိုလ်များဓမ္မာရုံ မွမ်းမံပြင်ဆင်မည်

**ရန်ကုန် ဩဂုတ် ၂၈**
ရန်ကုန်မြို့ရှိ တက္ကသိုလ်များဓမ္မာရုံ မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကို စက်တင်ဘာ ၁ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြောကြားသည်။

"ကျွန်တော်တို့ ဒီဓမ္မာရုံကြီး ပြုပြင်မွမ်းမံဖို့အတွက် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ စက်တင်ဘာ ၁ ရက်နေ့မှာ လုပ်ငန်းများစတင်ပါမယ်။ ၂၀၂၀ ပြည့်နှစ် မေ ၃၁ ရက်မှာပြီးစီးဖို့ ခန့်မှန်းထားပါတယ်" ဟု ဒုတိယဝန်ကြီး ဦးကျော်လင်းက တက္ကသိုလ်များ ဓမ္မာရုံ မွမ်းမံပြင်ဆင်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ တက္ကသိုလ်ဓမ္မာရုံကြီးကို ၁၉၃၄ ခုနှစ် ဖေဖော်ဝါရီလတွင် အုတ်မြစ်ချခဲ့ပြီး ၁၉၃၇ ခုနှစ် နိုဝင်ဘာလတွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း၊ ယခုအခါ ဟောင်းနွမ်းပျက်စီးမှုများကြောင့် ပြန်လည်ပြုပြင်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဓမ္မာရုံကြီးကို နိုင်ငံတော် ခွင့်ပြုရန်ပုံငွေကျပ် ၃၂၅ သန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၃၄၂ ဒသမ ၇ သန်း စုစုပေါင်းငွေကျပ် ၆၆၇ ဒသမ ၇ သန်း အကုန်အကျခံကာ တည်ဆောက်ပြုပြင်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ပြည့်မြောက်တော့မည့် ရန်ကုန်တက္ကသိုလ် ရာပြည့်အမီ ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း၊ ယင်းဓမ္မာရုံကြီးသည် ရန်ကုန်မြို့ရှိ တက္ကသိုလ်အသီးသီး၏ ဝတ်ရွတ်ပွဲများ၊ အလှူအတန်းပွဲများ ပြုလုပ်ရာနေရာလည်းဖြစ်ကြောင်း သိရသည်။ **မြင့်မောင်စိုး**




# ဆိုလာမီးလင်းရေးဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**ကန်ပက်လက် ဩဂုတ် ၂၈**
ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (မဟာဓာတ်အားလိုင်းပြင်ပ) မီးလင်းရေးကို ကျေးရွာ ၃၆ ရွာတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

ဆိုလာတပ်ဆင်ပြီးစီးသည့် မကြားအုပ်စုရှိ ကျေးရွာငါးရွာသို့ မင်းတပ်ခရိုင် ဦးစီးမှူး ဦးကျော်ကျော်သည် မြို့နယ်ဦးစီးမှူး ဦးထန်းအွမ်၊ အငယ်တန်းအင်ဂျင်နီယာ ဦးချိုင်ထန်းတို့ လိုက်ပါ၍ ဩဂုတ် ၂၃ ရက်မှ ၂၄ ရက်အထိ ကွင်းဆင်းပြီး အိမ်တိုင်း ဆိုလာတပ်ဆင်မှုနှင့် ထိန်းသိမ်းသုံးစွဲရမည့် လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ငယ်ဆရာပြောဖူးသည့် မဇ္ဈိမပဋိပဒါ

## လက်ာရည်ကျော်

မဇ္ဈိမပဋိပဒါဆိုတာ အလယ်အလတ်လမ်းစဉ်ဟု အများသဘောပေါက်ကြသည်။ လောကုတ္တရာအနက်ကို ပွား၍ ရှင်းလင်းလျှင်တော့ တော်တော်ကျယ်ပြန့်မှာဖြစ်သည်။ လောကီရေးတွင်လည်း မိမိအရေး၊ မိသားစုအရေး၊ အသင်းအဖွဲ့ ဌာနများ၏အရေး၊ နိုင်ငံ့အရေးတွေမှာ မဇ္ဈိမပဋိပဒါအားနည်း၍ မခက်သင့်တာတွေခက်၊ မကြာသင့်တာတွေကြာ၊ မလွဲချော်သင့်တာတွေ လွဲချော်ရတာ လူတိုင်းကြုံဖူးကြမည်ထင်သည်။

### စည်းကမ်းတင်းကျပ်

သည်နေရာမှာ ကျွန်တော့်ငယ်ဆရာတစ်ယောက်ကို သွားသတိရသည်။ ကျွန်တော်အလုပ်သင်ဆရာဝန်ဘဝက အမှတ်(၂) တပ်မတော်ဆေးရုံမှာ ဆုံခဲ့ရသည့် သမားတော်ကြီးပါ။ ဒုတိယဗိုလ်မှူးကြီးသိန်းကျော်တဲ့။ စည်းကမ်းတင်းကျပ်လွန်း၍ အငယ်တွေတော်တော်ကြောက်ခဲ့ရသော်လည်း ထိုအချိန်က ပြည်သူ့စစ်မှုထမ်းဆေးမှူး (သုံးနှစ်စစ်မှုထမ်းရသူဗိုလ်) အစ်ကိုကြီး ကိုဖေသက်ခင်(နောင်ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာနဖြစ်လာသူ)နှင့် ကျွန်တော့်ကိုတော်တော်ချစ်သည်။ ယခုနိုင်ငံခြားမှာ အသက် ၈၀ တော်တော်ကျော်နေပြီဖြစ်တာတောင် ကျန်းမာစွာ၊ သတိကောင်းစွာနှင့် ကျွန်တော်တို့နှစ်ယောက်နှင့် အဆက်အသွယ်မပြတ်ဘဲရှိနေသည်။

တစ်ခါက ကျွန်တော် အစ်ကိုဖေနှင့် ပြင်ပလူနာ အတူကြည့်သည်။ အဲသည်နေ့က သူနှင့်တွေ့စရာအကြောင်းမရှိသဖြင့် ဆေးရုံကို စပို့ရှပ်ဝတ်သွားမိသည်။ သူစပို့ရှပ်ဝတ်တာမကြိုက်မှန်း ကျွန်တော်သိသော်လည်း အဲသည်တုန်းက ကျွန်တော်က စပို့ရှပ်နှစ်ထည်လောက်နှင့် စတစ်ကော်လံရှပ်အင်္ကျီနှစ်ထည်၊ ပုဆိုးသုံးထည်လောက်သာ ချမ်းသာသော ဆရာဝန်ပေါက်စ ဖြစ်သည်။ သူ့အလစ်မှာ ခိုးဝတ်သည်ဆိုပါစို့။ သူကမမျှော်လင့်ဘဲ ကျွန်တော်တို့အခန်းထဲဝင်လာသည်။ သိပ်တော့မဆူပါ။ အဲသည်အချိန်က ကျွန်တော်တို့ကို တော်တော်ချစ်နေပြီမို့လည်းဖြစ်နိုင်သည်။

### မဇ္ဈိမပဋိပဒါဆိုတာ

“စပို့ရှပ်ဆိုတာ စပို့ (အားကစား) လုပ်ဖို့ကွ။ ဆေးရုံဝတ်ဖို့မဟုတ်ဘူး”ဟု လောက်ပဲပြောသည်။ ကျွန်တော်လည်း သူ့စကားကိုနားထောင်စွာနှင့် နောက်တစ်နေ့မှာ စတစ်ကော်လံရှပ်အင်္ကျီဝတ်သွားသည်။ သူကတွေ့တော့ ရယ်၍ “မဇ္ဈိမပဋိပဒါဆိုတာ မင်းတို့ကို ဘယ်လိုရှင်းလင်းပြရမှန်း မသိတော့ဘူး”ဟု ဆိုသည်။

အဲသည်အချိန်ကနေ အနှစ် နှစ်ဆယ်ကျော်ကြာပြီး ကျွန်တော်ကိုယ်တိုင် သူ့လိုသမားတော်ကြီးတစ်ဦး ဖြစ်လာပြီးသောအခါတွင်ကျမှ သူဆိုလိုချင်တာ ကျွန်တော်သဘောပေါက်ခဲ့သည်။

အဲသည်အချိန်မှာတော့ ဆေးကျောင်းသားလေးတွေက ဆေးရုံကို စပို့ရှပ်သာမက တီရှပ်နှင့်လာနေကြပြီ။ ဘောင်းဘီရှည်က ကျွန်တော်ကိုယ်တိုင်ဝတ်တာဖြစ်သော်လည်း သူတို့က ဂျင်းဘောင်းဘီနှင့် လာနေကြပြီဖြစ်သည်။ ဆူတာပေါ့။ ဆူရင်းဆူရင်းက စေတနာနားလည်သော တပည့်တို့က ပြုပြင်သည်။ နားမလည်သော်လည်း ဆရာ့စကား နားထောင်ချင်သူတွေက ကိုယ့်ရှေ့မှ ပြုပြင်သည်။ တခြားရောက်လျှင် ဒုံရင်းပြန်ဖြစ်သည်။ နားမလည်သူတွေက ယခုအထိ ဖေ့စ်ဘွတ်မှာ တိုက်ခိုက်တုန်း။

○ ဆေးကုရုံကုနေရသည့် ဆရာဝန်ဘဝမှ ယခုအုပ်ချုပ်ရေးပိုင်းတွေမှာပါ အထိုက်အလျောက် ဝင်ပါနေရသည့် အဆင့်ကျတော့လည်း နေရာတကာ ကိုယ်ဝင်ပါချင်နေသည့်စိတ်နှင့် အငယ်တွေ သူ့ဟာသူကြိုက်တာလုပ်ပါစေဆိုပြီး လုံးဝလွှတ်ထားချင်သည့် စိတ်နှစ်ခုကြားမှာ ကျွန်တော် မဇ္ဈိမပဋိပဒါထားဖို့ ကြိုးစားဖြစ်ခဲ့သည်။ သည်တော့ ကိုယ့်ထက်ငယ်သော လူငယ်တွေ၏ တိုးတက်သော အမြင်တွေနှင့် လုပ်ငန်းခွင်တိုးတက်အောင် ကြိုးစားမှုတွေကို လမ်းဖွင့်ပေးနိုင်ခဲ့သလို သူတို့အတွေ့အကြုံတွေနှင့် မသိနိုင်၊ မမြင်နိုင်သော ပြဿနာတို့ကို ကြိုတင်ရှောင်ကွင်းပေးနိုင်ခဲ့

### ဆွေးနွေးသည့် အကြောင်းအရာ

အဲသည်တုန်းက နယ်မြို့ကလေးမှာမို့ ဌာနအကြီးအကဲတွေတက်ရသည့် အပတ်စဉ်အစည်းအဝေးတွေတက်ရတာမျိုးတွေလည်း ရှိခဲ့သည်။ ကိုယ့်ဟာကိုယ်က ဆေးရုံမှာ အလုပ်လုပ်ရ၊ လက်ဆေးရလွယ်အောင် ရှပ်အင်္ကျီနှင့် ချည်သားဘောင်းဘီရှည်သာ ဝတ်လေ့ရှိသော်လည်း အဲသည်အစည်းအဝေးတွေသွားလျှင်တော့ စတစ်ကော်လံနှင့် တိုက်ပုံအင်္ကျီ၊ လုံချည်ဝတ်သွားလေ့ရှိသည်။ ဟိုမှာက ယူနီဖောင်းဝတ်တွေကလွဲလျှင် အားလုံး အဲသည်လိုဝတ်ကြရုံသာမက တိုက်ပုံအင်္ကျီကိုပါ ကြယ်သီးအစေ့တပ်ကြသည်။ ကြည့်ရတာသိပ်မသက်သာ။ တစ်ခါက အစည်းအဝေးမှာ ထိပ်ဆုံးက ဆွေးနွေးသည့် အကြောင်းအရာက ဒေသဆိုင်ရာအကြီးအကဲ ရွာတစ်ရွာသွားစစ်ဆေးစဉ် ကျေးရွာအုပ်ချုပ်ရေးမှူးက စတစ်ကော်လံဝတ်ထားသော်လည်း လည်ပင်းကြယ်သီးတပ်မထားသည့်အတွက် ဆုံးမရန်ကိစ္စဖြစ်သည်။ ဒါကျတော့နည်းနည်းအံ့သြမိသည်။ သည်ကိစ္စက သည်လောက်အရေးပါသင့်လို့လားပေါ့။ အဲသည်မှာ ငယ်ဆရာပြောသည့် မဇ္ဈိမပဋိပဒါကို သတိရမိတော့တာပါပဲ။

အဝတ်အစားမှာမှ အဲသည်လိုလားဆိုတော့လည်း တခြားကိစ္စတွေလည်းရှိပါသည်ဟု ဖြေရမည်ဖြစ်သည်။ ဥပမာ ယူကေက ပြန်လာခါစတုန်းက ကိုယ့်ရှေ့ကပြန်လာသူ အစ်ကိုဆရာ ဆုံးမတာပဲကြည့်။

### ကြိုတင်ရှောင်ကွင်းပေးနိုင်

“နိုင်ငံခြားကပြန်လာလို့ အရာရာနိုင်ငံခြားမှာလုပ်တဲ့အတိုင်း ဖြစ်ရမယ်ဆိုပြီး သူများတွေလုပ်သမျှကို အတင်းလိုက်ပြောင်းနေရင်လည်း အဆင်မပြေဘူး။ ဟိုမှာက ဟိုမှာပဲ၊ ဒီမှာဘာမှလုပ်လို့မရပါဘူးဆိုပြီး ကိုယ်မသွားခင်တုန်းက လုပ်သလောက်ပဲ ဆက်လုပ်နေရင်လည်း မင်းသွားခဲ့တာအလကားပဲ”တဲ့။

ဒါလည်း ငယ်ဆရာဆီက အတူတူသင်ယူခဲ့ရသည့် မဇ္ဈိမပဋိပဒါ စကား၏ဆင့်ပွားအဓိပ္ပာယ်တွေပဲဟု ကျွန်တော်ထင်မိသည်။

ဆေးကုရုံကုနေရသည့် ဆရာဝန်ဘဝမှ ယခုအုပ်ချုပ်ရေးပိုင်းတွေမှာပါ အထိုက်အလျောက် ဝင်ပါနေရသည့် အဆင့်ကျတော့လည်း နေရာတကာ ကိုယ်ဝင်ပါချင်နေသည့်စိတ်နှင့် အငယ်တွေ သူ့ဟာသူကြိုက်တာလုပ်ပါစေဆိုပြီး လုံးဝလွှတ်ထားချင်သည့် စိတ်နှစ်ခုကြားမှာ ကျွန်တော် မဇ္ဈိမပဋိပဒါထားဖို့ ကြိုးစားဖြစ်ခဲ့သည်။ သည်တော့ ကိုယ့်ထက်ငယ်သောလူငယ်တွေ၏ တိုးတက်သောအမြင်တွေနှင့် လုပ်ငန်းခွင်တိုးတက်အောင် ကြိုးစားမှုတွေကို လမ်းဖွင့်ပေးနိုင်ခဲ့သလို သူတို့အတွေ့အကြုံတွေနှင့် မသိနိုင်၊ မမြင်နိုင်သော ပြဿနာတို့ကို ကြိုတင်ရှောင်ကွင်းပေးနိုင်ခဲ့သည်။

ဟော အခုတလော ကျယ်လောင်ကျယ်လောင် ပြောနေကြပြန်ပြီ။

နိုင်ငံတကာကပညာရှင်တွေ၊ နိုင်ငံခြားသားတွေပဲဖြစ်ဖြစ်၊ ကိုယ့်နိုင်ငံကနေထွက်သွားပြီး ဟိုမှာဆယ်စုနှစ်နှင့်ချီ၍ အလုပ်လုပ်နေသူတွေကိုပဲဖြစ်ဖြစ် ပြန်ဖိတ်ခေါ်ပြီး အစစအရာရာ ဦးဆောင်ခိုင်းခြင်းဖြင့် ကဏ္ဍအသီးသီးကို အသွင်ပြောင်းပစ်ရမတဲ့။

ဒါမျိုး လွန်ခဲ့သည့်လေးငါးနှစ်ကလည်း ကြားဖူးပါသည်။ မကြိုဆိုကြဘူးလားဆိုတာမျိုးပေါ့။ လုပ်ရမှာပေါ့။ မလုပ်လျှင်ဘယ်တိုးတက်မလဲ။

သို့သော် ကြိုဆိုသည်ဆိုတာက သူ့အတွေ့အကြုံကို ကိုယ့်ကိုမျှဝေ၊ ကိုယ့်အတွေ့အကြုံကို သူ့ကိုမျှဝေ၊ တူညီသောစေတနာနှင့် ပူးပေါင်းလုပ်ကြဖို့ ကြိုဆိုမှာလား။ ကိုယ်တင်သူ့ဆီက လေ့လာရမှာမဟုတ်။ သူလည်း ကိုယ်တွေ၏အခြေအနေတွေကို မျက်ခြည်ပြတ်နေတာတွေ အများကြီး။ ဒီအတိုင်းသာ ပေးဦးဆောင်လိုက်လို့ကတော့ နှစ်ဦးနှစ်ဖက်ဒုက္ခရောက်လိုက်ကြမည်ဖြစ်ခြင်း။

လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကျော်လောက်က ပုဂ္ဂလိကဆေးရုံတွေ စဖွင့်ခွင့်ပေးတော့ နိုင်ငံခြားသားမန်နေဂျာအုပ်ချုပ်သည့် ဆေးရုံတစ်ရုံက မြန်မာအထူးကုဆရာဝန်တွေကိုဖိတ်ပြီး ရှင်းပြဖူးသည်။ တစ်ပတ်မှာ အနည်းဆုံးငါးရက်ထိုင်ရမယ်တဲ့။ ကျွန်တော်တို့က အစိုးရဝန်ထမ်းဖြစ်၍ မထိုင်နိုင်ပါဟုဖြေတော့ အစိုးရဝန်ထမ်းမဟုတ်သည့် အထူးကုမရှိဘူးလားတဲ့။ ပင်စင်စားများသာရှိမည်ဟု ဖြေလိုက်သည်။ အံ့သြဖို့ကောင်းတာက ဆေးရုံဖွင့်ခါနီးဆဲဆဲအချိန်အထိ မြန်မာပြည်မှာ အထူးကုထရိန်နင် ပုဂ္ဂလိကကဏ္ဍမှာမရှိတာ သူတို့ မသိတာပါ။

အများအကျိုးအတွက် တိုးတက်အောင်လုပ်ရမည့် ကိစ္စတွေမှာလည်း ထိုနည်းနှင်နှင်ပါပဲ။ နိုင်ငံခြားမှာ ပညာသင်ခဲ့သူက ဦးဆောင်လိုက်ရုံနှင့်၊ နိုင်ငံခြားအတွေ့အကြုံရှိသူက အကြံပေးလိုက်ရုံနှင့် အစစအရာရာအဆင်ပြေသွားမည်ဟု တွက်၍မရသလို ပြည်တွင်းမှာ လုပ်နေကျလူတွေကလည်း လုပ်နေကျအတိုင်း ဆက်လုပ်နေရင်လည်း ဘာအပြောင်းအလဲမှ မြင်ရမှာမဟုတ်ပါ။

သည်နေရာမှာလည်း ငယ်ဆရာဆုံးမသည့် မဇ္ဈိမပဋိပဒါ လိုပါသည်။

သဘောထားတွေကြီးပြီး အမြင်တွေကျယ်ရမှာ နှစ်ဖက်စလုံးပါ။ ။

---

# လက်သင်္ကေတပြဘာသာစကားကူညီပံ့ပိုးသူ ၈၀ အား မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်

**ရန်ကုန် ဩဂုတ် ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် နားမကြားသူများ လူ့အသိုက်အဝန်းအတွင်း ဝင်ဆံ့နိုင်မှု မြှင့်တင်နိုင်ရန်အတွက် လက်သင်္ကေတပြဘာသာစကား ကူညီပံ့ပိုးသူ ၈၀ အား မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ လက်သင်္ကေတပြဘာသာစကားကူညီပံ့ပိုးသူ သင်တန်းအမှတ်စဉ် (၄) သင်တန်းဆင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ နားမကြားသောကလေးများကျောင်း(ရန်ကုန်)၌ ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော် တက်ရောက်၍ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

နားမကြားသူများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် တရားရေးရာ စသည့်ကိစ္စရပ်များအတွက် လက်သင်္ကေတပြဘာသာစကားဖြင့် စကားပြန်ခြင်း ဝန်ဆောင်မှုများကို ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကူညီပံ့ပိုးသူ ၁၀၀ ထွက်ပေါ်လာစေရန်အတွက် သင်တန်းအား ရည်ရွယ်သင်ကြားခြင်းဖြစ်ကြောင်းလည်း သိရသည်။

“ကျွန်မမှာ အသက် ၁၁ နှစ်အရွယ် နားမကြားတဲ့သားလေးရှိပါတယ်။ ကျွန်မသားက ဒီကျောင်းမှာပဲ ကျောင်းတက်နေတာပါ။ ကလေးနဲ့ဆက်သွယ်ဖို့အတွက် လက်သင်္ကေတပြဘာသာစကားဆိုတာကလည်း မိသားစုဝင်တွေအတွက် လိုအပ်နေတာမို့ ဒီသင်တန်းကို တက်ဖြစ်တာပါ။ အခုဆိုရင်ကျွန်မအနေနဲ့ ကျွန်မသားလေးပြောတဲ့ စကားတွေကို အများကြီးနားလည်ပြီဆိုတော့ သင်တန်းတက်ရတာဟာ အများကြီးအကျိုးရှိပါတယ်။ ကျွန်မအနေနဲ့ နားမကြားအသိုင်းအဝိုင်းမှာရှိတဲ့ လိုအပ်တဲ့နေရာတွေကို လက်သင်္ကေတပြဘာသာစကားနဲ့ ကူညီပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ ဒီဘာသာစကားက အပြင်မှာ ငွေကြေးအကုန်အကျခံပြီးတော့ သင်ကြားလို့မရပါဘူး။ အခုလိုသင်တန်းပို့ချပေးတဲ့အတွက် တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ပါတယ်”ဟု မွန်ပြည်နယ် မော်လမြိုင်မြို့မှ လာရောက်သင်တန်းတက်ရောက်သည့် သင်တန်းသူ ဒေါ်တင်လေးမက ပြောသည်။

ယခုဖွင့်လှစ်သည့် သင်တန်းသည် နားမကြားသူများ လူ့အသိုက်အဝန်းအတွင်း ဝင်ဆံ့နိုင်မှုမြှင့်တင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် JICA(မြန်မာ)တို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည့် ရလဒ်တစ်ခုဖြစ်ပြီး သင်တန်းအပတ်စဉ် (၁)၌ သင်တန်းသား ၂၄ ဦး၊ သင်တန်းအမှတ်စဉ် (၂)၌ သင်တန်းသား ၁၉ ဦးနှင့် သင်တန်းအမှတ်စဉ် (၃)၌ သင်တန်းသား ၁၉ ဦးကို ပို့ချနိုင်ခဲ့ကာ ယခုဖွင့်လှစ်ပို့ချခဲ့သည့် သင်တန်းအမှတ်စဉ် (၄)အား ၂၀၁၈ ခုနှစ် မတ်လမှ ၂၀၁၉ ခုနှစ် ဩဂုတ်လအထိ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်း၌ သင်တန်းသား ၁၈ ဦးကို သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**

---

# ရေဘေးသင့်ကျေးရွာများအတွက် ဆိုလာမီးအိမ်များ သွားရောက်လှူဒါန်း

**ကျိုက်မရော ဩဂုတ် ၂၈**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်မှုဒဏ် အများဆုံးခံရသော ကျေးရွာများထဲမှ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများသို့ ဆိုလာမီးအိမ်များပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲက လမုခိုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ ရှေးဦးစွာ ကိုရီးယား-မြန်မာ လူငယ်ပရဟိတနှင့် ဓမ္မယာန-မဇ္ဈိမယာန လူငယ်ဖွံ့ဖြိုးရေး ပရဟိတအဖွဲ့များက လျှပ်စစ်မီးမရသော ကျေးရွာများသို့ ဆိုလာမီးအိမ် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စုများအတွက် တန်ဖိုးငွေကျပ် သိန်း ၅၀ ရှိ ဆိုလာမီးအိမ် အလုံးပေါင်း ၅၀၀ ကို ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါ လမုခိုကျေးရွာတွင် အိမ်ထောင်စုပေါင်း ၄၂၆ စုရှိပြီး ရေကြီးနစ်မြုပ်မှု အများဆုံးခံခဲ့ရသော ကျေးရွာဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# ရန်ကုန်မြေပုံရေးဆွဲရေးစီမံကိန်း နောက်ဆုံးအဆင့်ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်းဆောင်ရွက်သည့် ရန်ကုန်မြေပုံရေးဆွဲရေးစီမံကိန်း နောက်ဆုံးအဆင့်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

"မြေပုံရေးဆွဲရေးလုပ်ငန်း အစီအစဉ်ကတော့ ပြီးဆုံးပြီဖြစ်ပါတယ်။ အခုကကတော့ စီမံကိန်းကိုရပြီ။ ဒါပေမယ့် လုပ်ငန်းစဉ်ကတော့ မနက်ဖြန်ကစပြီး စတင်မှာဖြစ်ပါတယ်။ ဒီမြေပုံကြီးရပြီဆိုရင် မြေပုံမှာပါတဲ့ အချက်အလက်တွေအကုန်လုံးကို ဌာနဆိုင်ရာတွေနဲ့ ထပ်မံညှိနှိုင်းဆောင်ရွက်ရမယ့် အစီအစဉ်တွေရှိပါတယ်။ အခုရလာတဲ့ Station တွေကနေတစ်ဆင့် ကောင်းမွန်တဲ့ အချက်အလက်တွေကို အမြဲတမ်းအသုံးပြုနိုင်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျ ဆက်လက်ဆောင်ရွက်သွားနိုင်ဖို့ ဒီမြေပုံဟာ အင်မတန်အရေးကြီးပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။




အဆိုပါ မြေပုံရေးဆွဲခြင်းအားဖြင့် မြေစီမံခန့်ခွဲမှုလုပ်ငန်းများ၊ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာကိစ္စရပ်များ၊ မြေပြင်ရွေ့လျားမှု (ငလျင်အခြေအနေ)များကို အသေးစိတ်သိရှိခြင်း၊ မြေအသုံးချမှုများ၊ ဇုန် Plan များ၊ မြို့ပြ Plan များရေးဆွဲခြင်းနှင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ စသည်ဖြင့် ရန်ကုန်မြို့ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် သတင်းအချက်အလက်များကို ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။


"အဆောက်အအုံနဲ့ပတ်သက်လို့ ခွင့်ပြုမှုတွေပေးတဲ့ အခါ ဘယ်နေရာတွေကတော့ အထပ်မြင့်တွေများနေတဲ့ အတွက်ကြောင့် ဘယ်နှထပ်အထိပဲခွင့်ပြုနိုင်တယ် ဆိုတဲ့ အဆောက်အအုံဆောက်လုပ်ခွင့် ပါမစ်တွေပေးတဲ့ နေရာမှာလည်း ဒီမြေပုံကို အသုံးချလို့ရပါတယ်။ နောက်တစ်ခုက လက်ရှိအထိ မြေပြင်မှာတည်ရှိနေတဲ့ လူမှုအဖွဲ့အစည်းဆိုင်ရာ အချက်အလက်တွေ၊ ပန်းခြံ၊ အားကစားကွင်း၊ ဆေးရုံ၊ ကျောင်း၊ ဘာသာရေးဆိုင်ရာ အဆောက်အဦတွေ၊ လူနေအဆောက်အဦတွေ စသည်အားဖြင့် မြေပြင်မှာ တည်ရှိနေတဲ့ အဆောက်အဦဆိုင်ရာ အချက်အလက်တွေကိုလည်း ဒီမြေပုံထဲက ထုတ်ယူရရှိနိုင်မှာဖြစ်ပါတယ်။ အခုက မြေပုံရေးဆွဲတဲ့အဆင့်ပဲရှိသေးတယ်" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ပြောသည်။

ထို့အပြင် ရရှိလာသည့် အချက်အလက်များကို Update လုပ်နိုင်သည့် စဉ်ဆက်မပျက်တိုင်းတာသည့် မြေတိုင်းအညွှန်းမှတ်တိုင် (CORS) များကို ငွေရတောင်၊ လှည်းကူး၊ ထန်းတပင်၊ သန်လျင်၊ တွံတေး စသည့် နေရာငါးခုတွင် ထားရှိပြီး ရန်ကုန်မြေတိုင်းရုံးထဲတွင် အချက်အလက်စင်တာ တည်ဆောက်ထားကြောင်း သိရသည်။

လက်ရှိတွင် လသာမြို့နယ်ကို စမ်းသပ်လုပ်ဆောင်နေကြောင်း၊ နောက်ပိုင်းတွင် ကျန်ရှိသည့် မြို့နယ်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ရှိ ဌာနဆိုင်ရာများအပါအဝင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စသည့် သတင်းအချက်အလက်များကို Web Page မှ ဝင်ရောက်ကြည့်ရှုနိုင်ရန် မျှော်မှန်းလုပ်ဆောင်နေကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဂျပန်နိုင်ငံခရီးစဉ်၌ ဂျပန်ဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နည်းပညာနှင့် ကုန်ကျငွေကို ဂျပန်နိုင်ငံမှ တာဝန်ယူဆောင်ရွက်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ ဇာနည်မောင်၊ အေးမင်းသူ**




# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် ရန်ကုန်မြို့တွင် ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၈**
မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးမှူး၍ Telecom International Myanmar Co.,Ltd (Mytel) မှ အဓိကကူညီပံ့ပိုးသည့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်ကို စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ရှိ Dagon Golf City ၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့် (အမျိုးသား) (H'cap 0-12)၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) (H'cap 0-18)ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး စိန့်အင်ဒရူးဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်လူဦးရေ ကန့်သတ်ထားသောကြောင့် စက်တင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပညာရှင်အဆင့်တစ်ဦးလျှင် ၃၀၀၀၀ ကျပ်၊ ဝါသနာရှင်အဆင့်တစ်ဦးလျှင် ၁၀၀၀၀ ကျပ်ဖြင့် ဖုန်း ၀၉- ၇၇၉၈၄၆၇၆၁ ထံ စာရင်းပေးသွင်းနိုင်သည်။ စာရင်းပေးသွင်း၍ ပြိုင်ပွဲဝင်ကြေးပေးသွင်းထားသူများသည် စက်တင်ဘာ ၁၃ ရက်နှင့် ၁၆ ရက်တို့တွင် Official Practice Round ကစားနိုင်မည်ဖြစ်ပြီး အမည်စာရင်းပေးသွင်းထားသော်လည်း ပြိုင်ပွဲမဝင်နိုင်ပါက ပြိုင်ပွဲမတိုင်မီကြိုတင်အကြောင်းကြားရန် လိုအပ်ကြောင်း ထုတ်ပြန်ထားသည်။ အကြောင်းကြားခြင်းမရှိဘဲ ပြိုင်ပွဲမယှဉ်ပြိုင်ပါက နောက်ပွဲစဉ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ကြောင်းနှင့် ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားများတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

ယခုနှစ်တွင် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲကို နှစ်ပွဲကျင်းပထားပြီး မေလက ရွှေနတ်တောင်ဂေါက်ကွင်း၌ ကျင်းပသည့် ပထမပွဲစဉ် (မော်လမြိုင်)တွင် ဘိုဘို၊ ဇွန်လက ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပသည့် ဒုတိယပွဲစဉ် (ပဲခူး) တွင် မျိုးဝင်းအောင်တို့က ပညာရှင်အဆင့်ပြိုင်ပွဲ၌ ဗိုလ်စွဲထားသည်။

**ဖိုးသော်ဇင်**

## သတင်းလမ်းညွှန်

### မြန်မာယူနီကုဒ် စံစနစ်သို့ တစ်ပြိုင်တည်းကူးပြောင်းရန်အတွက် လုပ်ငန်းစဉ်များ ပူးပေါင်းပါဝင်မည့် တာဝန်ရှိသူများ တွေ့ဆုံပွဲအခမ်းအနား ကျင်းပမည်

မြန်မာယူနီကုဒ် စံစနစ်သို့ တစ်ပြိုင်တည်းကူးပြောင်းရန်အတွက် ပူးပေါင်းပါဝင်ကူညီပံ့ပိုးပေးမည့် မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်များမှ တာဝန်ရှိသူများနှင့် နယ်ပယ်အသီးသီးမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ Conference Hall, MICT Park ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲထိုက်**

### Myanmar Global Investment Forum နေပြည်တော်၌ ကျင်းပမည်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဟောင်ကောင်အခြေစိုက် Euromoney Institutional Investor (Asia) တို့ပူးပေါင်း၍ Myanmar Global Investment Forum ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို စက်တင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲထိုက်**

### ကဗျာ့သဘော ကဗျာ့အရသာ စကားဝိုင်း ကျင်းပမည်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းတို့က ကြီးမှူးကျင်းပသော ကဗျာ့သဘော ကဗျာ့အရသာ စကားဝိုင်းကို ဩဂုတ် ၃၁ ရက် (စနေနေ့)တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းခန်းမ၌ ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ စကားဝိုင်းတွင် မြဝင်း(ဒဿန)၊ မြင့်စိုးလှိုင်၊ ဒေါက်တာအောင်ကြီးနှင့် မောင်လင်းရိပ်တို့ ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



# မြန်မာ-ထိုင်း နယ်စပ်မှ ထားဝယ်အထူးစီးပွားရေးဇုန်သို့ ဖောက်လုပ်မည့် နှစ်လမ်းသွားကားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေး

**ထားဝယ် ဩဂုတ် ၂၈**

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်မှ ထားဝယ်အထူးစီးပွားရေးဇုန်သို့ ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွား ကားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းနှင့်ပတ်သက်၍ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက တနင်္သာရီ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းဦးက မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်မှ ထားဝယ် အထူးစီးပွားရေးဇုန်သို့ ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွားကားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြပြီး Neighbouring Countries Economic Development Cooperation Agency (NEDA)မှ တာဝန်ရှိသူများက ကားလမ်းအဆင့်မြှင့်တင်ခြင်း စီမံကိန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က ထားဝယ်အထူးစီးပွားရေးဇုန်ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လိုအပ်လျက်ရှိသည့် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ မကြာခင်ရရှိလိမ့်မည်ဟု မျှော်လင့်ထားသလို တစ်ဖက်ကလည်း ထီးခီးနှင့် ထားဝယ် အထူးစီးပွားရေးဇုန် ဆက်သွယ်ထားသည့်လမ်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားနိုင်မည်ဟု မျှော်လင့်ထားပါကြောင်း။

**ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်**

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထားဝယ်ဒေသ၊ ထီးခီးဒေသ လမ်းပန်းဆက်သွယ်မှုများ ပြီးစီးသွားပါက အဆင်ပြေချောမွေ့စွာသွားလာနိုင်ပြီး ခရီးသွားလုပ်ငန်းများနှင့် အခြားဆက်စပ်သောလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းကြောင့် ရရှိမည့်အကျိုးကျေးဇူးနှင့် အားသာချက်၊ အားနည်းချက်များကို သေသေချာချာ ချပြရှင်းလင်းဆောင်ရွက်သွားမည်ဆိုလျှင် အခက်အခဲများ နည်းပါးသွားမည်ဖြစ်ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်သို့ ဆက်သွယ်ဖောက်လုပ်သည့် လမ်းနှင့်ပတ်သက်၍ ရရှိမည့်အကျိုးကျေးဇူးများကို ပထမဆုံးခံစားရမည်မှာ ဒေသခံပြည်သူများဖြစ်ကြောင်း၊ မြန်မြန်ဆန်ဆန်နှင့် အောင်အောင်မြင်မြင် ပြီးစီးနိုင်ရေးအတွက် ပေါ်ပေါက်လာသည့် အခက်အခဲများကို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အတတ်နိုင်ဆုံး ပူးပေါင်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NEDA မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လှူထုစိန်ဝင်း ပညာသင်ဆု စက်တင်ဘာ ၁၅ ရက်အထိ လျှောက်ထားနိုင်

**ရန်ကုန် ဩဂုတ် ၂၈**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် လူထုစိန်ဝင်း ပညာသင်ဆုကို စက်တင်ဘာ ၁၅ ရက်အထိ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း လူထုစိန်ဝင်း ပညာသင်ဆုရွေးချယ်ရေးအဖွဲ့ထံမှ သိရသည်။

အဆိုပါ ပညာသင်ဆု လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရန် လိုအပ်ပြီး ပညာရေးလိုလားသူ၊ ထူးချွန်သူဖြစ်ကာ ပညာဆက်လက်သင်ယူရန် ငွေကြေးအခက်အခဲ အမှန်တကယ်ကြုံတွေ့နေသူဖြစ်ရန်လိုကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

ပညာသင်ဆု ရွေးချယ်ရာတွင်လည်း လျှောက်ထားသူ၏ ပညာထူးချွန်မှု၊ တက်ရောက်လိုသော သင်တန်း၊ ကျောင်း၊ တက္ကသိုလ်သည် အနာဂတ် တိုင်းပြည်အတွက် အသုံးဝင်မှု၊ လျှောက်ထားသူ၏ ဘဝရည်မှန်းချက်၊ ပညာသင်ဆု ရန်ပုံငွေတို့အပေါ်မူတည်ကာ ရွေးချယ်ဆုံးဖြတ်သွားမည် ဖြစ်ကြောင်း သိရသည်။

လူထုစိန်ဝင်း ပညာသင်ဆုကို ရည်ရွယ်ချက် သုံးခုဖြင့် ပေးအပ်နေခြင်းဖြစ်ပြီး ယင်းရည်ရွယ်ချက်များမှာ တိုင်းပြည်၏ နေရာအနှံ့တွင်ရှိနေသော ပညာထူးချွန်ပါလျက်၊ ပညာလိုချင်ပါလျက်နှင့် ငွေကြေးမတတ်နိုင်၍ ပညာဆက်လက်မသင်ကြားနိုင်သော လူငယ်များ ပညာဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရန်၊ လူငယ်များကို ပြုစုပျိုးထောင်ပေးခြင်းဖြင့် တိုင်းပြည်အတွက် လိုအပ်လျက်ရှိသော ကဏ္ဍအသီးသီးကို ဖြည့်ဆည်းကာ တိုင်းပြည်၏ အနာဂတ်ကို တစ်ဖက်တစ်လမ်းမှ ထုဆစ်ပေးနိုင်ရန်နှင့် ကဏ္ဍအသီးသီးမှ တိုင်းပြည်အတွက်၊ လူထုအတွက်၊ အမှန်တရားအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့်သူများ ပေါ်ပေါက်လာစေရန်တို့ ဖြစ်သည်။

အဆိုပါ လူထုစိန်ဝင်း ပညာသင်ဆုကို ဆရာကြီး လူထုစိန်ဝင်း ကွယ်လွန်ခဲ့ပြီးနောက်ပိုင်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်ပေးအပ်ခဲ့ခြင်းဖြစ်ကာ ၂၀၁၉ ခုနှစ် ဇွန်လအထိ ကျောင်းသား ကျောင်းသူ ၇၈ ဦးကို ပေးအပ်နိုင်ခဲ့ကြောင်း၊ ယင်းအနက် ၃၇ ဦးမှာ တက္ကသိုလ်ပညာ ဆုံးခန်းတိုင်သည်အထိ သင်ယူနိုင်ခဲ့ပြီး ကျန်ရှိနေသူများအား ဆက်လက်ထောက်ပံ့နေကြောင်း သိရသည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် လူထုစိန်ဝင်း ပညာသင်ဆု လျှောက်ထားလိုသူများအနေဖြင့် ပညာသင်ဆု လျှောက်လွှာတွင် အချက်အလက်များဖြည့်စွက်၍ လူထုစိန်ဝင်းပညာသင်ဆု ရွေးချယ်ရေးအဖွဲ့ အမှတ်(၅၀၁) ကုန်သည်လမ်းနှင့် ၃၉ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၅၁၇၇ သို့လည်းကောင်း၊ luduseinwinscholarship@gmail.com သို့လည်းကောင်း ပေးပို့ရမည်ဖြစ်သည်။

ထို့ပြင် ပညာသင်ဆုအတွက် ငွေကြေးလှူဒါန်းလိုသူများအနေဖြင့် ပညာသင်ဆုရွေးချယ်ရေးအဖွဲ့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# မန္တလေး နည်းပညာတက္ကသိုလ်တွင် ဂျပန်ဘာသာစကားစွမ်းရည်ပြိုင်ပွဲ ကျင်းပ ပထမဆုအဖြစ် ဂျပန်နိုင်ငံခရီးစဉ်လေယာဉ်လက်မှတ်အပါအဝင် ဆုများချီးမြှင့်

**မန္တလေး ဩဂုတ် ၂၈**

မန္တလေး နည်းပညာတက္ကသိုလ်တွင် ဂျပန်ဘာသာစကား စွမ်းရည်ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာ ဆင့်စိုးနှင့် တာဝန်ရှိသူများက ထူးချွန်ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။




အခမ်းအနားတွင် HIRAYAMA GS Co.,Ltd မှ အထွေထွေအတွင်းရေးမှူး Mr.Nobushige Kubomichi က အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းသားကျောင်းသူများက စကားပြောစွမ်းရည် ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် Mr.Nobushige Kubomichi၊ Mr.Toshiyuki Nomura၊ Ms.Rie Ono၊ Ms.Hanyu နှင့် ဒေါ်ကြည်လဲ့အေးတို့က တာဝန်ယူဆောင်ရွက်ခဲ့ကြပြီး အကဲဖြတ်ရွေးချယ်ရာတွင် ကြိုတင်ပြင်ဆင်မှုကောင်းမွန်ခြင်း၊ ကိုယ်ဟန်အမူအရာ လှုပ်ရှားမှုကောင်းမွန်ခြင်း၊ တင်ဆက်ပုံကောင်းမွန်ခြင်း၊ အကြောင်းအရာကောင်းမွန်ခြင်း၊ စကားပြောစွမ်းရည်ကောင်းမွန်ခြင်းများ အပါအဝင် စိတ်အားထက်သန်မှုများရွေးချယ်၍ ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်သည်။

"ဘာသာစကား တတ်ကျွမ်းမှုသည် အရေးကြီးကြောင်း၊ ကိုယ့်ဘဝတိုးတက်မှုအတွက် ဆောင်ရွက်ရာတွင် ဘာသာစကားတတ်ကျွမ်းမှုသည် လွန်စွာအထောက်အကူပြုကြောင်း၊ ယခုကဲ့သို့ ပြိုင်ပွဲတွင် ထူးချွန်သူများ ပေါ်ထွက်လာခြင်းကို တက္ကသိုလ်၏ ကိုယ်စား ကျေးဇူးတင်ကြောင်းနှင့် ဂုဏ်ယူ ဝမ်းမြောက်မိကြောင်း" ပါမောက္ခချုပ် ဒေါက်တာဆင့်စိုးက ပြောသည်။

ပြိုင်ပွဲသို့ နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုအဖြစ် ဂျပန်နိုင်ငံခရီးစဉ် လေယာဉ်လက်မှတ်နှင့် ဆုဖလားကိုလည်းကောင်း၊ ဒုတိယဆုအဖြစ် ipad air၊ တတိယဆုအဖြစ် ၃၆၀ ဒီဂရီ Camera နှင့် အထူးဆု နှစ်ဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

**ဝေဖြိုးအောင်(ပြန်/ဆက်)**

# စာရေးဆရာမ မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ် အာဆီယံဝတ္ထုတို ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်များ မွန်ပြည်နယ်ရေဘေးသို့ လှူဒါန်းမည်

**ရန်ကုန် ဩဂုတ် ၂၈**

ထိုင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ စာရေးဆရာအသင်းတို့၏ အစီအစဉ်ဖြင့် အာဆီယံ ၁၀ နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ် ဂုဏ်ပြုထုတ်ဝေသော "I was Born To Be Yours"အမည်ရှိ The 2019 Anthology of ASEAN Short Stories စာအုပ် ထုတ်ဝေနိုင်ရန်အတွက် အာဆီယံ ၁၀ နိုင်ငံမှ တစ်နိုင်ငံလျှင် နိုင်ငံကိုယ်စားပြု စာရေးဆရာတစ်ဦးစီ ရွေးချယ်ခဲ့သည်။ ထိုစာရေးဆရာများ၏ လက်ရွေးစင်ဝတ္ထုတို တစ်ပုဒ်စီကို ရွေးချယ်ထည့်သွင်းဖော်ပြခဲ့သည်။ ထိုင်းနိုင်ငံစာရေးဆရာအသင်းက တိုက်ရိုက်ရွေးချယ်ခြင်းဖြစ်ကာ မြန်မာနိုင်ငံမှ ဆရာဝန်စာရေးဆရာမ မီးအိမ်ရှင်ဒေါက်တာနိုက်တင်ဂေးလ်၏ ဝတ္ထုတိုကိုရွေးချယ်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ထိုစာအုပ်မိတ်ဆက်ပွဲနှင့် အာဆီယံစာရေးဆရာများအား ဂုဏ်ပြုပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Ratchadamnoen Art Center ခန်းမ၌ ဩဂုတ် ၂၄ ရက် ညနေ ၃ နာရီက စတင်ကျင်းပရာ ထိုင်းနိုင်ငံအစိုးရအဖွဲ့ ယဉ်ကျေးမှုဝန်ကြီး တက်ရောက်ဖွင့်လှစ်ပေးပြီး အာဆီယံစာရေးဆရာများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်၍ ဂုဏ်ပြုမိန့်ခွန်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် ထိုင်းနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် ယင်းစာအုပ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့ကလည်း အာဆီယံစာရေးဆရာများအား ဂုဏ်ပြုလက်ဆောင်များ ထပ်မံချီးမြှင့်ပေးအပ်သည်။ နိုင်ငံကိုယ်စားပြု အာဆီယံစာရေးဆရာများကလည်း တစ်ဦးချင်းစီ ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားပြီး ထိုင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။

မြန်မာနိုင်ငံမှ ဆရာဝန်စာရေးဆရာမ မီးအိမ်ရှင်ဒေါက်တာနိုက်တင်ဂေးလ်က ၎င်းဂုဏ်ပြုချီးမြှင့်ခံရသော စာမူခဘတ်ငွေများနှင့် ဂုဏ်ပြုလက်ဆောင်များကို မွန်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများသို့ လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းတင်(ကြည့်မြင်တိုင်)**

❖ အာရှပြိုင်ပွဲ

အပြောင်းအလဲပြုလုပ်မည်ဖြစ်သည်။ မြန်မာ အမျိုးသမီးအသင်းသည် အာရှ ယူ-၁၉ ပြိုင်ပွဲတွင် အုပ်စု (ခ) ၌ လက်ရှိချန်ပီယံ ဂျပန် အပါအဝင် တရုတ်၊ တောင်ကိုရီးယားတို့နှင့် ကျရောက်နေပြီး အာရှထိပ်သီးအသင်းများနှင့် ကျရောက်နေသောကြောင့် ပြိုင်ပွဲအကြိုပြင်ဆင်မှုများ စနစ်တကျပြုလုပ်ကာ ထိပ်သီးအသင်းများနှင့် ခြေစမ်းပွဲများစွာ ကစားရန် လိုအပ်နေသည်။

**ခြေစစ်ပွဲ အောင်မြင်**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အာရှယူ-၁၉ ပြိုင်ပွဲတွင် ခြေစစ်ပွဲအဆင့်ဆင့်ကစားပြီးမှ နောက်ဆုံးအဆင့်သို့ တက်ရောက်ကစားခွင့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ပထမအဆင့်ခြေစစ်ပွဲ၊ ၂၀၁၉ ခုနှစ် ဧပြီလတွင် ဒုတိယအဆင့် ခြေစစ်ပွဲတို့ ကစားခဲ့ပြီး အာရှဒေသတွင်းအသင်းများကို ကျော်ဖြတ်ကာ ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

# ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေများ လှူဒါန်း



**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာနိုင်ငံအတွင်း ရေဘေးဒဏ်ခံရသည့်ဒေသများအတွက် ထောက်ပံ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် စေတနာရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။

ထိုကဲ့သို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရာကျော်ပရဟိတအသင်းသူ အသင်းသားများက စုပေါင်းလှူဒါန်းငွေကျပ် ၂၅ သိန်း၊ ဩစတြေးလျနိုင်ငံ ဒါဝင်မြို့ရှိ မြန်မာပြည်ဖွားတိုင်းရင်းသားများနှင့် မိတ်ဆွေအသင်းအဖွဲ့များက စုပေါင်းလှူဒါန်းငွေကျပ် ၂၅ သိန်း၊ ကနေဒါနိုင်ငံမှ Mr. Charles Brent Penner က လှူဒါန်းငွေကျပ် ငါးသိန်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းမိသားစုများက စုပေါင်းလှူဒါန်းငွေကျပ် ၆၁၀၀၀၀ နှင့် နှလုံးလှလက်များစေတနာရှင်အဖွဲ့(လူ/ကယ်/ပြန်) က စုပေါင်းလှူဒါန်းငွေကျပ် ၃၄၀၀၀၀ တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွတ်ခိုင် တိုက်ပွဲရှောင်ပြည်သူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က စားသုံးကုန်ပစ္စည်းနှင့် ငွေကြေးများ ကူညီထောက်ပံ့

**ကွတ်ခိုင် ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား အမှတ်(၂)ရပ်ကွက်ရှိ တအောင်းစာပေယဉ်ကျေးမှုခန်းမဆောင်၌ ဩဂုတ် ၂၇ ရက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၈၅၇၀၀၀၀ တန်ဖိုးရှိ စားသုံးကုန်ပစ္စည်းများနှင့် ငွေကြေးများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ရှမ်းပြည်နယ် ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒူဝါဇုတ်ဒေါင်က တိုက်ပွဲရှောင်ပြည်သူများအား အားပေးနှစ်သိမ့်စကားများ ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်လွင်က ဒေသတွင်းဖြစ်ပေါ်နေသော အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ဆန်အိတ် ၈၀၊ ခေါက်ဆွဲခြောက်ဖာ ၁၀၀ နှင့် တိုက်ပွဲရှောင်စခန်းများရှိ ကိုယ်ဝန်ဆောင်မိခင် ၁၅ ဦး၊ တစ်နှစ်အောက်ကလေးငယ် ၅၂ ဦးနှင့် တိုက်ပွဲအတွင်း ထိခိုက်ဒဏ်ရာရရှိသူများနှင့် သေဆုံးသူတို့အား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ရာ တိုက်ပွဲရှောင်ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ကိုမိုင်း(ပြန်/ဆက်)**

○ **ကျောဖုံးမှ**

အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တရုတ်၊ ဂျပန်၊ စင်ကာပူ၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ ကိုရီးယား၊ ဆေးရှဲလ်၊ ဗီယက်နမ်၊ ထိုင်း၊ အိန္ဒိယနှင့် မလေးရှားတို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၄၂ ခုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၈ ခုတို့အား အတည်ပြုမိန့်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃၉ ဒသမ ၃၀၄ သန်းနှင့် မြန်မာငွေကျပ် ၃၅၆၅၃ ဒသမ ၉၆၆ သန်းဖြစ်ကြောင်း၊ လုပ်သား ၈၂၆၁၀ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လိုသူများအနေဖြင့် မတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာ ငါးသန်းမှ သန်း ၆၀၀၀ အထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အတည်ပြုလျှောက်လွှာများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဖုန်း-၉၅-၀၁-၆၅၈၂၆၃ သို့ ဆက်သွယ်မေးမြန်းလျှောက်ထားနိုင်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြင့်လာရေးအတွက် ဆောင်ရွက်ကြမည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

**ဇာနည်မောင်၊ အေးမင်းသူ**

# လျှပ်စစ်ဘေးအန္တရာယ်အတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ တာချီလိတ်တွင် ပထမဆုံးအကြိမ် သရုပ်ပြ

**တာချီလိတ် ဩဂုတ် ၂၈**

တာချီလိတ်ခရိုင်မီးသတ်တပ်ဖွဲ့မှ ဦးစီးပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ လျှပ်စစ်ဘေးအန္တရာယ်ကျရောက်ပါက လျှင်မြန်စွာတုံ့ပြန်ဆောင်ရွက်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးသရုပ်ပြအခမ်းအနားကို ယနေ့နံနက်ပိုင်းက တာချီလိတ်မြို့ ရှမ်းရိုးမကွင်းအတွင်း၌ ကျင်းပသည်။

လျှပ်စစ်ဘေးအန္တရာယ်အတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို သရုပ်ပြသရာ၌ တာချီလိတ်ခရိုင်မီးသတ်တပ်ဖွဲ့ဝင် ၁၆၁ ဦး၊ ကြက်ခြေနီအဖွဲ့နှင့် လူမှုရေးအသင်းများ ပူးပေါင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လက်တွေ့သရုပ်ပြလုပ်ဆောင်ခဲ့ပြီး ဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ပေါင်းစပ်လုပ်ကိုင်ရန် ယခုလိုသရုပ်ပြခြင်းဖြစ်ကြောင်း တာချီလိတ်ခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ကိုကိုက ပြောသည်။

တာချီလိတ်မြို့တွင် အထပ်မြင့်အဆောက်အအုံများပြားပြီး မြို့အနီးရှိ တာလေမြို့တွင် လျှပ်ပြင်းပြင်းထန်ထန်လှုပ်ခတ်ဖူးသည့်အတွက် မြို့နေပြည်သူများအနေဖြင့် လျှင်လှုပ်ပါက လုပ်ဆောင်ရမည့် အရာများ၊ ဆောင်ရန်၊ ရှောင်ရန်များကို လေ့လာထားရန်လိုအပ်ကြောင်း ဦးကျော်ကိုကိုက တိုက်တွန်းပြောဆိုသည်။

တာချီလိတ်မြို့တွင် ပထမဆုံးအကြိမ်ကျင်းပသည့် လျှပ်စစ်ဘေးအန္တရာယ်အတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြပွဲပြီးနောက် အစိုးရကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင် လျှပ်စစ်ဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်၊ မီးဘေးအန္တရာယ်တို့ကို ဟောပြောပို့ချရန် စီစဉ်နေကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မိတ္ထီလာတွင် ရေဘေးကူညီကယ်ဆယ်ရေးရန်ပုံငွေ ဓာတ်ပုံရောင်းပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၈**

ရေဘေးဒဏ်ခံရသည့် ဒေသများအတွက် ထောက်ပံ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဓာတ်ပုံအနုပညာရှင်များ စုပေါင်းကာ ရေဘေးကူညီကယ်ဆယ်ရေးရန်ပုံငွေ ဓာတ်ပုံရောင်းပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက မိတ္ထီလာမြို့ မြို့မရပ်ကွက် မိတ္ထီလာကန်ပတ်လမ်းတွင် ကျင်းပကြောင်း သိရသည်။



**ပထမဆုံးခြေလှမ်း**

“နိုင်ငံအတွင်းမှာ သဘာဝဘေးဒဏ်ဖြစ်တဲ့ ရေဘေးဒဏ်ခံရတဲ့ဒေသတွေအတွက် ထောက်ပံ့မှုနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ လှူဒါန်းနိုင်ဖို့ ရည်ရွယ်ပြီး အခုလိုဓာတ်ပုံရောင်းပွဲတော် ကျင်းပတာပါ။ ဓာတ်ပုံအနုပညာကို ချစ်မြတ်နိုးတဲ့၊ ဓာတ်ပုံအနုပညာဝါသနာကြီးတဲ့သူတွေရဲ့ ဓာတ်ပုံတွေနဲ့ ဖိတ်ခေါ်ထားတဲ့ ဓာတ်ပုံပညာရှင်တချို့ရဲ့ ဓာတ်ပုံလက်ရာတွေပါဝင်ပါတယ်။ ဓာတ်ပုံအများစုက မိတ္ထီလာမြို့ပတ်ဝန်းကျင်က သဘာဝရှုခင်း အလှဓာတ်ပုံတွေဖြစ်ပြီး ပြင်ဦးလွင်၊ အောင်ပန်း၊ ပင်းတယနဲ့ အင်းလေးဒေသက ရှုခင်းဓာတ်ပုံတွေလည်း ပါဝင်ပါတယ်။ မိတ္ထီလာမှာ ပရဟိတအတွက် ပထမဆုံး ဓာတ်ပုံ (ပြပွဲ)ရောင်းပွဲလည်းဖြစ်ပြီး အများအကျိုးအတွက် လိုအပ်တဲ့နေရာတွေမှာ လှူဒါန်းထောက်ပံ့နိုင်ဖို့ ဒီပွဲကပထမဆုံး ခြေလှမ်းဖြစ်ပါတယ်။ လာရောက်အားပေးဝယ်ယူပြီး ကုသိုလ်ယူကြဖို့ မိတ္ထီလာက လုပ်ငန်းရှင်တွေ၊ မြို့မိမြို့ဖတွေ၊ ဓာတ်ပုံချစ်မြတ်နိုးသူတွေကို ဖိတ်ခေါ်ပါတယ်” ဟု ဓာတ်ပုံပြပွဲတွင် ဦးဆောင်ပါဝင်သူ ကိုထွန်းလွင်က ပြောသည်။

အဆိုပါ ဓာတ်ပုံရောင်းပွဲတော်တွင် ဓာတ်ပုံပေါင်း ၆၀ ကျော်ကို ခင်းကျင်းပြသထားပြီး ဩဂုတ် ၂၈ ရက်မှ ၃၁ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ နေ့စဉ်ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဆွီဒင်နိုင်ငံရှိ သဗ္ဗဇယမင်္ဂလာစေတီတော်မြတ်ကြီး၏ အထက်ဌာပနာပိတ်ပွဲနှင့် ထီးတော်တင်လှူပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

ဆွီဒင်သာသနာပြုဆရာတော်များဖြစ်ကြသော အရှင်သောဘန၊ အရှင်သုနန္ဒာလင်္ကာရနှင့် နော်ဝေ၊ ဒိန်းမတ်၊ ဖင်လန်၊ ပြင်သစ်၊ ဗြိတိန်နှင့် ဆွီဒင်နိုင်ငံတို့မှ ဆရာတော် သံဃာတော် ၁၉ ပါးတို့အား အမှူးပြု၍ ဆွီဒင်နိုင်ငံရှိ တိရတနာဘုန်းတော်ကြီးကျောင်းအတွင်း တည်ထားကိုးကွယ်အပ်သော သဗ္ဗဇယမင်္ဂလာစေတီတော်မြတ်ကြီး၏ အထက်ဌာပနာပိတ်ပွဲနှင့် ထီးတော်လှည့်လည်အပူဇော်ခံခြင်း၊ ထီးတော်တင်ခြင်း၊ စေတီတော်အား အနေကဇာတင်ခြင်း၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်း အခမ်းအနားတို့ကို ဇူလိုင်လအတွင်း ဆွီဒင်နိုင်ငံ Hjortkvarn ၌ ကျင်းပခဲ့ရာ ဆွီဒင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်း၊ သီရိလင်္ကာ သံအမတ်ကြီး Mr. Sudantha Ganegama နှင့် ဘုရားဒါယကာ ဆွီဒင်ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ဟောင်း ဒေါက်တာမြင့်ဟန်တို့ တက်ရောက်ခဲ့ကြသည်။

ယင်းအခမ်းအနားတွင် သာသနာပြုဆရာတော် သံဃာတော် ၁၉ ပါး၊ Stockholm Buddhist Vihara မှ သီရိလင်္ကာဆရာတော် Bhante K. Siri Dhammaratana Maha Thera၊ ဆွီဒင်ဂုဏ်ထူးဆောင် ကောင်စစ်ဝန် ဒေါ်ပွင့်မာဟန် အပါအဝင် မြန်မာနိုင်ငံနှင့် ဥရောပနိုင်ငံများမှ ဘုရားဒါယကာ၊ ဒါယိကာမများ တက်ရောက်ခဲ့ကြသည်။

ဆွီဒင်နိုင်ငံ၌ သီတင်းသုံးတော်မူသော ဆရာတော် ဦးသောဘနသည် ဆွီဒင်နိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာတော်ပြန့်ပွားရေးနှင့် ဆွီဒင်နိုင်ငံရောက် မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်ရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတစ်ကျောင်း တည်ထောင်ရန် ဆန္ဒပြင်းပြခဲ့ရာမှ မြန်မာနိုင်ငံနှင့် ဆွီဒင်နိုင်ငံရှိ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုး စေတနာရှင်များ၏ လှူဒါန်းမှုများဖြင့် မြန်မာဘုန်းတော်ကြီးကျောင်းအား ၂၀၁၂ ခုနှစ် နှစ်ဦးပိုင်းမှစတင်၍ မြေနေရာရှာဖွေခဲ့သည်။ ဆွီဒင်နိုင်ငံ Hjortkvarn မြို့သည် မြန်မာလူမျိုး အများစုနေထိုင်လျက်ရှိခြင်း၊ ခရီးလမ်းဆုံ အချက်အချာကျသည့် Örebro မြို့နှင့် မဝေးကွာခြင်းတို့ကြောင့် အဆိုပါ နေရာတွင် တိရတနာ မြန်မာဘုန်းတော်ကြီးကျောင်းအား ၂၀၁၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။



ဆွီဒင်နိုင်ငံ Hjortkvarn မြို့ မြန်မာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ပင် ထေရဝါဒဗုဒ္ဓဘာသာ စေတီတော်တစ်ဆူ(သဗ္ဗဇယမင်္ဂလာစေတီတော်)အား တည်ထားကိုးကွယ်ရန် ရည်ရွယ်ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ စတင်၍ မြေသန့်မင်္ဂလာပြုခြင်းအား စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ပန်းတောင်းမြို့နေ အလှူရှင် ၅၀ မှ မကွေးဆေးတက္ကသိုလ် ခန္ဓာဗေဒမိသားစုသို့ ခန္ဓာကိုယ်လှူဒါန်းပွဲ ပြုလုပ်



**ကျောက်ပန်းတောင်း ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့တွင် ဒေသခံအလှူရှင်များက သုဂတိရှင်နာရေးကူညီမှုအသင်းနှင့်ချိတ်ဆက်၍ မကွေးဆေးတက္ကသိုလ် (ခန္ဓာဗေဒဌာန)သို့ ခန္ဓာကိုယ်လှူဒါန်းပွဲကို ဩဂုတ် ၂၈ ရက်က အဆိုပါ အသင်းရုံးအခမဲ့ဆေးခန်း၌ ပြုလုပ်သည်။

### အလွန်ပင်မွန်မြတ်သော အလှူဖြစ်

ခန္ဓာကိုယ်လှူဒါန်းပွဲတွင် မကွေးဆေးတက္ကသိုလ် (ခန္ဓာဗေဒဌာန)မှ ပါမောက္ခ/ဌာနမှူး ဒေါက်တာသစ္စာအေးမောင်သန်းက ခန္ဓာကိုယ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရရှိနိုင်မည့်အကျိုးကျေးဇူးများနှင့် မိမိတို့လှူဒါန်းလိုက်သည့် သက်မဲ့ခန္ဓာကိုယ်များကို သင်ကြားရေးဌာနတွင် ဝိညာဉ်မဲ့ ဆရာများအဖြစ် ရိုသေစွာကိုင်တွယ်အသုံးပြုကြခြင်း ဖြစ်ပါကြောင်း၊ သေဆုံးသွားလျှင် တန်ဖိုးမဲ့သွားပြီဟု မှတ်ယူထားခဲ့ကြသော်လည်း ဆေးတက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိကြသည့် ဘွဲ့လွန်ကျောင်းသားကျောင်းသူများနှင့် ဒုတိယနှစ် အမ်ဘီဘီအက်စ် ဆေးကျောင်းသား ကျောင်းသူများအတွက် လက်တွေ့သင်ကြားမှုပြုသည့်နေရာ၌ အလွန်အဖိုးတန်လှသည့်အတွက် ဆေးပညာသင်ကြားရေးတွင် အလွန်ပင်မွန်မြတ်သော အလှူဖြစ်ပါကြောင်းနှင့် ယခုလို အားတက်သရော လာရောက်လှူဒါန်းကြသည့်အတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်

ဆက်လက်၍ ကျောက်ပန်းတောင်းမြို့မှ မကွေးဆေးတက္ကသိုလ်(ခန္ဓာဗေဒဌာန)သို့ ခန္ဓာကိုယ်လာရောက်လှူဒါန်းသူ စုစုပေါင်း ၅၀ တို့အား ပါမောက္ခ/ ဌာနမှူး ဒေါက်တာသစ္စာအေးမောင်သန်းနှင့် သုဂတိရှင်နာရေးကူညီမှုအသင်းမှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မိုးညှင်းတွင် ကျောက်မျက်ရတနာအသေးစားနှင့် လက်လုပ်လက်စား ဥပဒေမူကြမ်းဖြစ်ပေါ်လာရေးအလုပ်ရုံဆွေးနွေး

**မိုးညှင်း ဩဂုတ် ၂၈**


ကချင်ပြည်နယ် ကျောက်မျက်ရတနာ အသေးစားနှင့် လက်လုပ်လက်စား ဥပဒေမူကြမ်းဖြစ်ပေါ်လာစေရေးအတွက် အကြံပြုချက်များရယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီခွဲက မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးချန်တန်ခင် (ကျောက်မျက်ရတနာအသေးစားနှင့် လက်လုပ်လက်စား ဥပဒေမူကြမ်းရေးဆွဲရေးအဖွဲ့ခေါင်းဆောင်)က အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ ကျောက်မျက်ကဏ္ဍနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သော အကြောင်းအရာများကို ကျောက်မျက်ရတနာ နည်းပညာရှင် Sone Sie Programme ၏ Strategic Advisory ဦးမုန်ဒန်က ကျောက်မျက်ရတနာအသေးစားနှင့် လက်လုပ်လက်စားဥပဒေနှင့်ပတ်သက်၍ တင်ပြဆွေးနွေးကာ အခမ်းအနားသို့ တက်ရောက်လာကြသော ကျောက်မျက်ပညာရှင်များနှင့် လုပ်ငန်းရှင်များက အုပ်စုဖွဲ့ အကြံပြု ဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါ အခမ်းအနားကို Transparency and Accountability Network for Kachin State (TANKS)အဖွဲ့မှ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားသို့ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ ကျောက်မျက်ရတနာအသေးစားနှင့် လက်လုပ်လက်စား ဥပဒေမူကြမ်းရေးဆွဲရေး အဖွဲ့ခေါင်းဆောင် ဦးချန်တန်ခင်နှင့်အဖွဲ့ဝင် ဒေါ်ဂျေထုဗယော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်နှင့်အဖွဲ့ဝင်များ၊ ဒေသခံ ကျောက်မျက်လုပ်ငန်းရှင်များနှင့် လူမှုအဖွဲ့အစည်းများတက်ရောက်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**




တစ်ဦးတစ်ပင် စိုက်စေချင် အစဉ်လှပ ပြည်ကြွယ်ဝ

# ဆန်းချက်ဇ်အား အငှားဖြင့်ခေါ်ယူရန် မန်ယူနှင့်အင်တာသဘောတူညီ အင်တာမီလန်က တစ်ပတ်လုပ်ခလစာပေါင် ၁၇၅၀၀၀ ပေးမည်ဟုဆို



အင်တာမီလန်အသင်းဟာ ချီလီတိုက်စစ်မှူးအလက်ဇစ်ဆန်းချက်ဇ်အား အငှားစာချုပ်ဖြင့်ခေါ်ယူရန် မန်ယူအသင်းနဲ့ သဘောတူညီမှု ရရှိထားတယ်လို့ သိရပါတယ်။ လက်ရှိမှာ အင်တာမီလန်အသင်းအနေနဲ့ တိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်ရဲ့ လုပ်ခလစာကိုလည်း တစ်ပတ်ကိုပေါင် ၁၇၅၀၀၀ ပေးမယ်လို့လည်းဆိုပါတယ်။ ဆန်းချက်ဇ်ဟာ လက်ရှိကလပ်မန်ယူအသင်းနဲ့အတူ တစ်ပတ်လုပ်ခလစာပေါင် ၃၉၀၀၀၀ ရရှိထားတာဖြစ်ပါတယ်။ အသက် ၃၀ အရွယ်ရှိ တိုက်စစ်မှူး ဆန်းချက်ဇ်ဟာ ဩဂုတ် ၂၈ ရက်မှာ အင်တာမီလန်အသင်းနဲ့ ကျန်းမာရေးဆေးစစ်မှုတွေပြုလုပ်ခဲ့တာလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူးဆန်းချက်ဇ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ပရီမီယာလိဂ်ပွဲစဉ် ၃၂ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးသုံးဂိုးသာသွင်းယူနိုင်ခဲ့တာကြောင့် နည်းပြဆိုးရှားအနေနဲ့ တိုက်စစ်မှူး လူကာကူကို အင်တာမီလန်အသင်းဆီ အမြဲတမ်းစာချုပ်နဲ့ ရောင်းချခဲ့ပေမယ့် ဆန်းချက်ဇ်ကို အငှားချထားခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းရဲ့တိုက်စစ်ပိုင်းမှာ ရက်ရှ်ဖို့ဒ်၊ မာရှယ်လ်နဲ့ ဂရင်းဝုဒ်တို့ကိုသာ အားထားရတော့မှာဖြစ်ပြီး လက်ရှိအချိန်မှာ မာရှယ်လ်ဟာ ဒဏ်ရာပြဿနာနဲ့ ကြုံနေတာဖြစ်ပါတယ်။ လက်ရှိမှာ မန်ယူအသင်းအနေနဲ့ တိုက်စစ်ပိုင်းနဲ့ ကွင်းလယ်ပိုင်း အားနည်းနေတာကြောင့် ချယ်လ်ဆီးအသင်းကို လေးဂိုးပြတ်နဲ့နိုင်ကာ နောက်ပိုင်းမှာ ဝုလ်ဗာဟမ်တန်နဲ့သရေကျခဲ့ပြီး ခရစ္စတယ်ပဲလေ့အသင်းကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

# ဘရာဇီးတိုက်စစ်မှူး နေမာ၏ စာချုပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ပါရီ၌ ပီအက်စ်ဂျီနှင့် ဘာစီလိုနာမှ တာဝန်ရှိသူများတွေ့ဆုံ



ပီအက်စ်ဂျီအသင်းနှင့် ဘာစီလိုနာအသင်းမှ တာဝန်ရှိသူများသည် ဘရာဇီးတိုက်စစ်မှူး နေမာ၏ စာချုပ်ကိစ္စနှင့် စပ်လျဉ်း၍ ပါရီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။

အသက် ၂၇ နှစ်အရွယ်ရှိ တိုက်စစ်မှူးနေမာသည် ၂၀၁၇ ခုနှစ်အတွင်းက ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀(ယူရို ၂၂၂ သန်း)ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

လက်ရှိတွင် တိုက်စစ်မှူးနေမာအား တစ်ရာသီအငှားဖြင့် ခေါ်ယူပြီး ပေါင် ၁၅၃ သန်း(ယူရို သန်း ၁၇၀)ဖြင့် ကမ်းလှမ်းထားကြောင်းသိရသည်။ တိုက်စစ်မှူး နေမာအား ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဂျူဗင်တပ်အသင်းက ခေါ်ယူရန်စိတ်ဝင်စားနေသော်လည်း ကစားသမားကိုယ်တိုင်ကမူ အဆိုပါနှစ်သင်းထက် အသင်းဟောင်း ဘာစီလိုနာအသင်းဆီကိုသာ ပြန်လည်သွားရောက်ကစားလိုကြောင်း ပြောကြားခဲ့သည်။ တိုက်စစ်မှူးနေမာသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ် ၅၈ ပွဲတွင် ၅၁ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သူလည်း ဖြစ်သည်။

ငွေကြယ်- စုစည်းသည်

## အနုပညာ

# စစ်မှုထမ်းဆောင်တော့မယ့် လီဟောင်ကီ



ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးအဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်လည်း ကျော်ကြားတဲ့ လီဟောင်ကီ စစ်မှုထမ်းဆောင်တော့မှာဖြစ်ကြောင်း လတ်တလောမှာ သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ “FTISLAND ” အမျိုးသား တေးဂီတအဖွဲ့ရဲ့အဖွဲ့ဝင်တစ်ဦးလည်းဖြစ်တဲ့ လီဟောင်ကီရဲ့စစ်မှုထမ်းရက်တွေကို လာမယ့်လအတွင်း စတင်သွားမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီဟောင်ကီအနေနဲ့ စစ်မှုထမ်းဆောင်ဖို့ရာ အကြောင်းကြားစာကြမ်းကို လက်ခံရရှိထားပြီးဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ကာ ပေါ့ပ်ကြယ်ပွင့်ရဲ့ ဖျော်ဖြေရေးအေဂျင်စီမှ သတင်းရင်းမြစ်တစ်ဦးကလည်း လီဟောင်ကီအနေနဲ့ လာမယ့်စက်တင်ဘာ ၃၀ ရက်မှာ စစ်မှုစတင်ထမ်းဆောင်သွားမှာဖြစ်ကြောင်းနဲ့ အချိန်ပြည့်စစ်သားတစ်ဦးအဖြစ် တာဝန်တွေကို ထမ်းဆောင်သွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

လီဟောင်ကီဟာ ၂၀၁၉ ခုနှစ်အတွင်း စစ်မှုထမ်းဆောင်ရမှာဖြစ်ကြောင်း သိရှိထားပြီးဖြစ်တာကြောင့် လက်ရှိမှာ အနုပညာလှုပ်ရှားမှုတွေကို ဆက်တိုက်လုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။ သူ့ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ် “ Do N Do ” ကိုလည်း ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း စတင်ထုတ်လွှင့်ခဲ့ပါတယ်။ အခြားသော အဖွဲ့ဝင်တွေနဲ့အတူ ပြည်တွင်းမှာရော ပြည်ပမှာပါ နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေကို ပြုလုပ်ခဲ့ကြောင်းလည်း သိရပါတယ်။

# ဂိုဟေဆန်းရဲ့စာအုပ် ဒေသတွင်းမှာ ရောင်းအားအကောင်းဆုံးဖြစ်လာ



တောင်ကိုရီးယားရဲ့ စွယ်စုံရ အနုပညာရှင်တစ်ဦးလို့ဆိုကြတဲ့ ဂိုဟေဆန်းဟာ မကြာသေးမီက သူ့ရဲ့ ဝတ္ထုစာအုပ်ကို ဖြန့်ချိခဲ့တာ ဖြစ်ပါတယ်။ ဒီစာအုပ်ဟာ လတ်တလောမှာ ဒေသတွင်းက ရောင်းအားအကောင်းဆုံးသော စာအုပ်စာရင်းမှာ ထိပ်ဆုံးကနေ ရပ်တည်နေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂိုဟေဆန်းက သူ့ရဲ့စာအုပ် “ Tears are Shaped like Hearts” ဟာ e-Book Section မှာ ရောင်းအားအကောင်းဆုံးဖြစ်ခဲ့ကြောင်း သူ့ရဲ့အင်စတာဂရမ်ပေါ်မှာ ရေးသားဖော်ပြခဲ့တာပါ။ ယင်းစာအုပ်ဟာ ဒေသတွင်းက အွန်လိုင်းစာအုပ်ဆိုင်မှာ ရောင်းအားအကောင်းဆုံးစာအုပ်တွေအနက် နံပါတ် ၆၇ နေရာမှာ ရပ်တည်နေပါတယ်။ ဒီလိုအောင်မြင်မှုရရှိခဲ့တဲ့အပေါ် ပရိသတ်တွေကို ကျေးဇူးအထူးတင်ရှိကြောင်းလည်း ဂိုဟေဆန်းက ထည့်သွင်းရေးသားဖော်ပြခဲ့တာလည်း တွေ့ရပါတယ်။

အဆိုပါစာအုပ်ဟာ ဂိုဟေဆန်းရဲ့ အချစ်ရေးနဲ့ ပတ်သက်တာတွေကို ရေးသားထားတာဖြစ်ပြီး ချစ်သူဟောင်းတွေနဲ့ ဇာတ်လမ်းတွေကိုလည်း ထည့်သွင်းရေးသားထားတာဖြစ်တယ်လို့ သိရပါတယ်။ ဂိုဟေဆန်းရဲ့အခြားသောစာအုပ်တစ်အုပ် ဖြန့်ချိမယ့်ရက်ကို မကြာသေးမီက ရွှေ့ဆိုင်းခဲ့ပါတယ်။ ဂိုဟေဆန်းဟာ ခင်ပွန်းဖြစ်သူနဲ့ တရားဝင်ကွာရှင်းဖို့ရာ ဆောင်ရွက်နေပြီး ခွေးနဲ့ကြောင်တွေကို ပြုစုပျိုးထောင်ခြင်းအကြောင်း ရေးသားထားတဲ့ စာအုပ်သစ်မှာ ခင်ပွန်းဖြစ်သူ အာဂျေယန်းနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို ပြန်လည်ဖျက်ပစ်နေတာဖြစ်နိုင်ကြောင်းလည်း သိရပါတယ်။

အေးပြည့် -စုစည်းသည်

# BLACKPINK ရဲ့ဓာတ်ပုံစာအုပ် ထုတ်လုပ်သွားမည်



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “ BLACKPINK ” ဟာ မကြာသေးမီက နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေကို အဆုံးသတ်ခဲ့တာ ဖြစ်ပါတယ်။ ပထမဆုံးအကြိမ် အမေရိကန်နယ်လှည့်ဖျော်ဖြေပွဲ အောင်မြင်စွာပြီးဆုံးခဲ့တာနဲ့အတူ ဖျော်ဖြေပွဲပြီးနောက် ဟာဝိုင်ရီကို အားလပ်ရက်ခရီးထွက်ခဲ့ရာမှ အမှတ်တရတွေကို ဓာတ်ပုံစာအုပ်အဖြစ် ဖန်တီးထားပြီး အဆိုပါစာအုပ်ကို မကြာမီ ဖြန့်ချိပေးသွားမှာဖြစ်ကြောင်း လတ်တလောမှာ အေဂျင်စီက ထုတ်ဖော်ပြောကြားလာတာ ဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ ဖျော်ဖြေပွဲပြီးဆုံးမှု အထိမ်းအမှတ်အဖြစ် သွားရောက်ခဲ့တဲ့ အားလပ်ရက်ခရီးစဉ်အတွင်း ဟာဝိုင်ရီမှာရောက်ရှိနေစဉ် အမှတ်တရတွေကို စုစည်းထားတဲ့ “ 2019 BLACKPINK’s Summer Diary In Hawaii” ဓာတ်ပုံစာအုပ်မှာ ဗီဒီယိုခွေလည်း ပါရှိကြောင်း သိရပါတယ်။

အဖွဲ့ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်ရဲ့ထုတ်ဖော်ပြောကြားချက်အရ “ BLACK-PINK ” ရဲ့ဓာတ်ပုံစာအုပ်ကို ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၈ ရက်အတွင်း ကြိုတင်မှာယူနိုင်ပြီး စက်တင်ဘာ ၉ ရက်မှာ စတင်ဖြန့်ချိသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

# အရှေ့အလယ်ပိုင်းဒေသအတွင်း တည်ငြိမ်အေးချမ်းရေး ဂျပန်ဝန်ကြီးချုပ်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး ဆွေးနွေး



**တိုကျို ဩဂုတ် ၂၈**

အရှေ့အလယ်ပိုင်းဒေသအတွင်း တင်းမာမှုများ လျော့ကျစေရေးအတွက် ဂျပန်နှင့် အီရန်နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ဆက်လက်ကောင်းမွန်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက် ဇာရစ်ဖ်နှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် အာဘေးနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး ဇာရစ်ဖ်တို့သည် ဩဂုတ် ၂၈ ရက်တွင် ယိုကိုဟားမားမြို့၌ တွေ့ဆုံသည်။

ဇွန်လအတွင်း အီရန်နိုင်ငံသို့ သွားရောက်ခဲ့စဉ် အီရန်ဘာသာရေးခေါင်းဆောင် အာရာတိုလက်ချ် အာလီခါမီနီက အီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့်အစီအစဉ်မျှ ချမှတ်ထားခြင်းမရှိပါကြောင်း ပြောကြားခဲ့သည်ကို ဝန်ကြီးချုပ်အာဘေးက အီရန်နိုင်ငံခြားရေးဝန်ကြီးအား ပြန်လည်ပြောကြားသည်။ ဂျပန်နိုင်ငံအနေဖြင့်လည်း အရှေ့အလယ်ပိုင်းဒေသအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း ဝန်ကြီးချုပ်အာဘေးက ဆိုသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး ဇာရစ်ဖ်က အီရန်နိုင်ငံအနေဖြင့်လည်း ဒေသတွင်းတင်းမာမှုများကို လျော့ကျစေရန် ဆန္ဒရှိပါကြောင်းနှင့် ကမ္ဘာ့နိုင်ငံအားလုံးသည် နိုင်ငံတကာဥပဒေနှင့်အညီ လိုက်နာကျင့်သုံးသင့်ပါကြောင်း ပြောကြားသည်။

အီရန်နိုင်ငံ၏ ယူရေနီယံသတ္တုပိုင်ဆိုင်မှုသည် ကန့်သတ်ထားသော ပမာဏထက် ကျော်လွန်လျက်ရှိမည်ကို စိုးရိမ်မိပါကြောင်းနှင့် အီရန်နိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီစာချုပ်တွင် ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကျင့်သုံးရန်လိုအပ်ပါကြောင်း ဝန်ကြီးချုပ် အာဘေးက တိုက်တွန်းပြောကြားသည်။

ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းရန်နှင့် လာမည့်လအတွင်း နယူးယောက်မြို့၌ ကျင်းပမည့် ကုလသမဂ္ဂအထွေထွေ ညီလာခံအစည်းအဝေးသို့ တက်ရောက်ပြီးနောက် ဂျပန်ဝန်ကြီးချုပ် အာဘေးနှင့် အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီတို့ သီးခြားတွေ့ဆုံရန် စီစဉ်ဆောင်ရွက်ရေးအတွက် ဝန်ကြီးချုပ် အာဘေးနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး ဇာရစ်ဖ်တို့က သဘောတူညီကြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ အနောက်ဘက်ပိုင်းတွင် ရေကြီးရေလျှံမှုဖြစ်ပွား ပို့ဆောင်ရေးလမ်းကြောင်းများ ယာယီရပ်ဆိုင်း

**တိုကျို ဩဂုတ် ၂၈**

ဂျပန်နိုင်ငံ အနောက်ဘက်ပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ဆိုးရွားသော ရာသီဥတုဒဏ်ကြောင့် လူနှစ်ဦးသေဆုံးခဲ့ပြီး တစ်ဦး သတိလစ်မေ့မြောကာ ကျန်တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ကနဦးရရှိသော သတင်းများအရ သိရသည်။

ကျူးရှူးကျွန်းရှိ ဆာဂါစီရင်စုတွင် ရေကြီးရေလျှံမှုကြောင့် သံစက်ရုံတစ်ရုံအတွင်းသို့ ရေများစီးဝင်ကာ လောင်စာဆီများ ယိုစိမ့်ထွက်ခဲ့သည်။

ကျူးရှူးကျွန်းမြောက်ပိုင်းရှိ ဆာဂါ၊ ဖူကူအိုကာနှင့် နာဂါဆကီစီရင်စုများတွင် လူပေါင်း ၈၇၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမှုများလုပ်ဆောင်ရန် အာဏာပိုင်များက သတိပေးချက်များ ထုတ်ပြန်ပေးခဲ့သည်။

အချိန်မီရွှေ့ပြောင်းခြင်းမရှိနိုင်ခဲ့သည့် ပြည်သူများအား အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က လိုက်လံကယ်ဆယ်လျက်ရှိသည်။ ရေကြီးရေလျှံမှုများကြောင့် မော်တော်ကားအတွင်း ပိတ်မိနေသူများထံမှ လာရောက်ကယ်တင်ပေးရန် အကူအညီတောင်းခံသည့် တယ်လီဖုန်းအဆက်အသွယ်များရရှိခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်သားများက ဆိုသည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ပို့ဆောင်ရေးလမ်းကြောင်းများ ပိတ်ဆို့လျက်ရှိသည်။ ကျူးရှူးကျွန်းမြောက်ပိုင်းတွင် မီးရထားပြေးဆွဲမှုများနှင့် မော်တော်ကားပြေးဆွဲမှုများကို ယာယီဆိုင်းငံ့ထားရသည်။ ထို့ပြင် ဘဏ်များနှင့် စာတိုက်များကိုပါ ပိတ်ထားကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**



# ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဗီယက်နမ်နှင့် မလေးရှားသဘောတူ

**ဟနွိုင်း ဩဂုတ် ၂၈**

ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်စွမ်းဖုနှင့် ဗီယက်နမ်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် ရောက်ရှိနေသော မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်တို့သည် စီးပွားရေး၊ လုံခြုံရေး၊ ကာကွယ်ရေး၊ ပင်လယ်ရေကြောင်းဆိုင်ရာ၊ ဆန်းသစ်တီထွင်မှု၊ သိပ္ပံ၊ ပညာရေးနှင့် အလုပ်သမားရေးရာ အစရှိသည့် နယ်ပယ်များတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဩဂုတ် ၂၇ ရက် က သဘောတူခဲ့ကြသည်။

၂၀၁၈ ခုနှစ် က နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံခန့်ရှိခဲ့ရာမှ လာမည့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၅ ခုနှစ်ကာလတွင် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံအထိ တိုးမြှင့်နိုင်ရေးအတွက် နှစ်နိုင်ငံအနေဖြင့် ပိုမိုထိရောက်သော အစီအမံများ လုပ်ဆောင်သင့်သည်ဟု နှစ်နိုင်ငံဝန်ကြီးချုပ်များက သဘောတူညီခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြထားသည်။

တစ်ဆက်တည်းမှာပင် မလေးရှားဝန်ကြီးချုပ်က ဗီယက်နမ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးမြှင့်ရန်နှင့် မလေးရှားနိုင်ငံသို့ ကုန်ပစ္စည်းများ အထူးသဖြင့် စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ တင်ပို့မှုနယ်ပယ်တွင် ဗီယက်နမ်နိုင်ငံအား အကူအညီပေးရန် ကတိကဝတ်ပြုခဲ့သည်။

ထို့ပြင် ဗီယက်နမ်နှင့် မလေးရှားဝန်ကြီးချုပ်တို့သည် အကျင့်ပျက်ခြစားမှုနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နယ်ပယ်များတွင်လည်း ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**

# ဖိလစ်ပိုင်တောင်ပိုင်းတွင် ခရီးသည်တင်သင်္ဘောမီးလောင်ရာ သုံးဦး သေဆုံး၊ ၁၀၂ ဦး ကယ်ဆယ်ခဲ့ရ

**မနီလာ ဩဂုတ် ၂၈**

ဖိလစ်ပိုင်နိုင်ငံ ဇမ်ဘိုအန်ဂါဒဲလ် နော်တီပြည်နယ် ဒါပီတန်မြို့အနီးရှိ ရေပြင်တွင် ဗုဒ္ဓဟူးနေ့ နံနက်စောစောပိုင်းက ခရီးသည်တင်သင်္ဘောမီးလောင်ရာ လူသုံးဦးသေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။

သင်္ဘောခရီးသည် စာရင်းအရ MV Lite Ferry 16 သင်္ဘောပေါ်တွင် ခရီးသည် ၁၃၆ ဦးနှင့် အမှုထမ်း ၃၆ ဦး ပါရှိသည်။ ယင်းသင်္ဘောသည် အင်္ဂါနေ့ ညနေ ၆ နာရီခန့်က စီဗူးမြို့ရှိ ဆမ်ဘိုအန်ဆိပ်ကမ်းမှ ထွက်ခွာလာခြင်းဖြစ်ကြောင်း၊ ဆိုက်ကပ်ရန် စီစဉ်ထားသည့် ဒါပီတန်မြို့ရှိ ပူလောအန်ဆိပ်ကမ်းမှ ရေမိုင် ၁ ဒသမ ၅ မိုင်ခန့်အကွာတွင် မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။

"မနက် ၈ နာရီအချိန်မှာ ခရီးသည် ၁၀၂ ဦးကို ကယ်ဆယ်ခဲ့ပြီးပါပြီ။ ကျွန်တော်တို့ ကယ်ဆယ်ရေးအဖွဲ့တွေနဲ့ အခြားသင်္ဘောကုမ္ပဏီက ပုဂ္ဂိုလ်တွေဟာ သင်္ဘောမီးလောင်တဲ့ နေရာမှာရှိနေဆဲပါ"ဟု ဒါပီတန်မြို့ ဘေးအန္တရာယ်လျှော့ချရေး စီမံခန့်ခွဲရေးရုံးမှ အရာရှိ နယ်လဆင်ကွီမင်ဂွင်းက ပြောသည်။

ခရီးသည် မည်မျှပျောက်ဆုံးနေသည်ကို မသိရသေးကြောင်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ မီးလောင်မှုသည် သင်္ဘောအင်ဂျင်ခန်းမှ စတင်ခဲ့ဖွယ်ရှိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အောင်ဇော်လင်း**

# လာအို-ကမ္ဘောဒီးယား-ဗီယက်နမ် ရွှေတြိဂံဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဆွေးနွေး

**ဗီယင်ကျန်း ဩဂုတ် ၂၈**

လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့သည် သုံးနိုင်ငံဆိုင်ရာ ရွှေတြိဂံဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သတင်းများအရ သိရသည်။ အဆိုပါနိုင်ငံသုံးနိုင်ငံ၏ ပြည်နယ်ပေါင်း ၁၃ ခု ပါဝင်သည့် ရွှေတြိဂံဒေသကို ပိုမိုစည်ပင်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတာဝန်ရှိသူများက ရွှေတြိဂံဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် နည်းလမ်းရှာဖွေရေးဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

လာအို ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဌာန၏ ဖော်ပြချက်အရ ၎င်းဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ရွှေတြိဂံဒေသ၏ ခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံပြည်သူများ၏ နေထိုင်မှုအဆင့်အတန်းများ မြင့်မားလာစေရန်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များအနေဖြင့် လက်ရှိဆွေးနွေးလျက်ရှိသော လုပ်ငန်းစီမံချက်များနှင့်ပတ်သက်၍ လိုအပ်ချက်များကိုပြန်လည်သုံးသပ်ကာ ဗီယက်နမ်နိုင်ငံ ဆာလာဘန်ပြည်နယ်၌ ဒီဇင်ဘာလတွင် ကျင်းပမည့် ကမ္ဘောဒီးယား-လာအို-ဗီယက်နမ် သုံးနိုင်ငံဆိုင်ရာ ရွှေတြိဂံဒေသ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် ဆက်လက်ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

ယင်းနောက် ဆွေးနွေးပွဲမှ အတည်ပြုချက်များကို ၂၀၂၀ ပြည့်နှစ် အစောပိုင်းတွင် လာအိုနိုင်ငံ၌ ကျင်းပမည့် ကမ္ဘောဒီးယား-လာအို-ဗီယက်နမ် သုံးနိုင်ငံဆိုင်ရာ ရွှေတြိဂံဒေသ ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် နောက်ဆုံးအတည်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**

# ပါလီမန်ကို အောက်တိုဘာ ၁၄ ရက်အထိ ရပ်နားမည်ဟု ဗြိတိန်ဝန်ကြီးချုပ် ကြေညာ

**လန်ဒန် ဩဂုတ် ၂၈**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က လက်ရှိရပ်နားထားသည့် ဗြိတိန်ပါလီမန်ကို ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရန် သတ်မှတ်ရက်မတိုင်မီ နှစ်ပတ်အလို အောက်တိုဘာ ၁၄ ရက်မတိုင်မီအထိ ရပ်နားမည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ကြေညာရာ ဥရောပသမဂ္ဂမှ နုတ်ထွက်မည့်ကိစ္စကို ဆန့်ကျင်သည့် လွှတ်တော်ကိုယ်စားလှယ်များကို ဒေါသထွက်စေခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များသည် ယခင်နှစ်ကထက်နောက်ကျ၍ ပါလီမန်သို့ လာရောက်ရမည်ဖြစ်သဖြင့် ဥရောပသမဂ္ဂကို ထောက်ခံသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အောက်တိုဘာ ၃၁ ရက်တွင် ဥရောပသမဂ္ဂမှ ဗြိတိန်မနုတ်ထွက်မီ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ ဘရီဇစ် (Brexit) စီမံချက်ကို ဟန့်တားရန် မျှော်လင့်ထားသည်ထက် အချိန်အနည်းငယ်သာ ရရှိမည်ဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ ပါလီမန်အစည်းအဝေးကို အောက်တိုဘာ ၁၄ ရက်မှာ စမှာပါ" ဟု ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က သတင်းထောက်များကို ပြောကြားခဲ့သည်။ ပါလီမန်စတင်ပြီး သုံးရက်အကြာတွင် ဝန်ကြီးချုပ်သည် ဥရောပသမဂ္ဂထိပ်သီးအစည်းအဝေးတစ်ခုကို နောက်ဆုံးအကြိမ်အဖြစ် တက်ရောက်ရန်ရှိသည်။ "တကယ်အရေးပါတဲ့ အောက်တိုဘာ ၁၇ ရက် ထိပ်သီးအစည်းအဝေးမှာ နှစ်ဖက်စလုံးအတွက် လုံလောက်တဲ့အချိန် ရရှိမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ပါလီမန်မှာ ဆွေးနွေးဖို့ လုံလောက်တဲ့အချိန် ရရှိမှာဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

အစဉ်အလာအရ ဗြိတိန်ပါလီမန်ကို အဓိကပါတီကြီးသုံးခု၏ နှစ်ပတ်လည်ညီလာခံများ ကျင်းပရန်အတွက် ရပ်နားထားခြင်းဖြစ်သည်။

"ယခုလုပ်ရပ်ဟာ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီကို စော်ကားတာဖြစ်ပါတယ်၊ ဒီလိုဖြစ်လာအောင် ခွင့်မပြုနိုင်ပါဘူး" ဟု အဓိကအတိုက်အခံပါတီဖြစ်သည့် လေဘာပါတီ ဒုတိယခေါင်းဆောင် တွမ်ဝပ်ဆင်က ပြောကြားသည်။ ဝန်ကြီးချုပ်က ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂမှ နုတ်ထွက်ခွင့်သဘောတူညီချက်ဖြင့်ဖြစ်စေ၊ သဘောတူညီချက်မပါဘဲဖြစ်စေ နောက်ဆုံးသတ်မှတ်ရက် အောက်တိုဘာ ၃၁ ရက်မတိုင်မီ နုတ်ထွက်မည်ဖြစ်ကြောင်း၊ နှစ်ကြိမ်နှောင့်နှေးခဲ့ပြီးဖြစ်ကြောင်း ဝန်ကြီးချုပ်က အခိုင်အမာ ပြောကြားနေဆဲဖြစ်သည်။



အတိုက်အခံပါတီ ခြောက်ခုက ဥရောပသမဂ္ဂမှ သဘောတူညီချက်မရရှိဘဲ နုတ်ထွက်ခြင်းမှ တားဆီးရန်နှင့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်တို့ကို အင်္ဂါနေ့က ကတိပြုခဲ့ကြကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ကုန်တင်သင်္ဘောတစ်စင်း အင်ဒိုနီးရှားကမ်းလွန် ပင်လယ်၌ ပျောက်ဆုံး

**ဂျကာတာ ဩဂုတ် ၂၈**

အင်ဒိုနီးရှားနိုင်ငံ၏ ဝေးလံခေါင်ဖျားသော မာလူကူကျွန်းကမ်းလွန်ပင်လယ်တွင် သင်္ဘောအမှုထမ်း ၂၄ ဦး လိုက်ပါသွားသည့် ကုန်တင်သင်္ဘောတစ်စင်း ပျောက်ဆုံးသွားကြောင်း အင်ဒိုနီးရှားအာဏာပိုင်များက ယနေ့ကြေညာသည်။

အလျား မီတာ ၁၉၀ ခန့်ရှိပြီး နီကယ်သတ္တုရိုင်းများ တင်ဆောင်သွားသည့် အဆိုပါသင်္ဘောသည် ပြီးခဲ့သည့် သီတင်းပတ်က ဟာလ်မာဟီရာကျွန်းစုမှ ဆူလာဝယ်ဆီကျွန်းစုသို့ ဦးတည်ထွက်ခွာနေစဉ် ရေဒီယိုအဆက်အသွယ် ပြတ်တောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ဝေးလံခေါင်ဖျားသော မာလူကူကျွန်းစုသို့ မရောက်ခင် ခရီးလမ်းပေါ်၌ ပင်လယ်ရေလှိုင်းကြီးက ဟန့်တားနေစဉ် အဆိုပါသင်္ဘောရှိသည့်နေရာကို နောက်ဆုံးအဖြစ် ခြေရာခံသိရှိနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ ရှာဖွေကူညီရေးရုံးမှ တာဝန်ရှိသူ မူစလီမင်ဆမိုင်းလီးယားက ပြောကြားသည်။

ပြီးခဲ့သည့်သီတင်းပတ် သောကြာနေ့က အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယအကြီးမားဆုံးမြို့ဖြစ်သည့် ဆူရာဘာယာမြို့မှ ဘော်နီယိုကျွန်းပေါ်ရှိ ဘာလစ်ခ်ပါပန်မြို့သို့ ဦးတည်ထွက်ခွာသွားသည့် ခရီးသည်တင်သင်္ဘောတစ်စင်းပေါ်၌ မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် ယခုကဲ့သို့ သင်္ဘောပျောက်ဆုံးမှု ထပ်မံဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အဆိုပါ သင်္ဘောမီးလောင်မှုတွင် ခရီးသည်သုံးဦးသေဆုံးပြီး ၃၀၀ ကျော်ကို အသက်ဘေးမှ ကယ်တင်နိုင်ခဲ့သည်။ ထို့အပြင် ပြီးခဲ့သည့် ဇွန်လက အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းကမ်းလွန်ပင်လယ်တွင် ဝန်ချိန်လွန်ကဲသည့် သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ လူ ၂၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**



# မက္ကဆီကို နိုက်ကလပ်တစ်ခု၌ မီးလောင်မှုဖြစ်ပွား

**ဝါရှင်တန် ဩဂုတ် ၂၈**

ဩဂုတ် ၂၇ ရက်ညက မက္ကဆီကိုနိုင်ငံတောင်ပိုင်းရှိ နိုက်ကလပ်တစ်ခုတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာလူ ၂၃ ဦးထက်မနည်းသေဆုံးပြီး ၁၃ ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်းဒေသဆိုင်ရာအာဏာပိုင်များကပြောကြားသည်။ သေဆုံးသူများအနက် ရှစ်ဦးသည် အမျိုးသမီးများဖြစ်ပြီး ၁၅ ဦးသည် အမျိုးသားများဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူ ၁၃ ဦးသည် ဆေးရုံများ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုသည် နိုင်ငံ၏တောင်ဘက် ဗီရာခရုဇ်ပြည်နယ် ကို့သ်ဇာကိုလ်ကို့စ် ဆိပ်ကမ်းမြို့ရှိ နိုက်ကလပ်တစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးရှို့တိုက်ခိုက်မှု ဖြစ်နိုင်ဖွယ်ရှိကြောင်း ပြည်နယ်ရှေ့နေချုပ်ရုံးက ပြောကြားသည်။

လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာ၏ ဖော်ပြချက်အရ နိုက်ကလပ်အတွင်း ဓာတ်ဆီပုလင်းဗုံးပစ်ချပြီးနောက် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

မီးရှို့တိုက်ခိုက်မှုကျူးလွန်သူများထဲတွင် မူးယစ်မှောင်ခိုဂိုဏ်းများ ပါဝင်ပတ်သက်လျက်ရှိပြီး ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဗီရာခရုဇ်ပြည်နယ်အုပ်ချုပ်ရေးမှူး ကာဆီယာက ၎င်း၏တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

ဗီရာခရုဇ်ပြည်နယ်သည် အမေရိကန်ပြည်ထောင်စုသို့ မူးယစ်ဆေးဝါးများ မှောင်ခိုတင်ပို့လျက်ရှိသည့် လမ်းကြောင်းပေါ်တွင် တည်ရှိပြီး ပြိုင်ဘက်မူးယစ်မှောင်ခိုဂိုဏ်းများအချင်းချင်း တိုက်ပွဲမကြာခဏ ဖြစ်ပွားရာဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ**

# ဂါဇာကမ်းမြောင်တွင် ဗုံးခွဲတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ် ရဲတပ်ဖွဲ့ဝင် သုံးဦး သေဆုံးဟု ဟားမားစ်အဖွဲ့ပြောကြား

**ဂါဇာစီးတီး ဩဂုတ် ၂၈**

ပါလက်စတိုင်းတို့အုပ်ချုပ်သည့် ဂါဇာကမ်းမြောင်ဒေသတွင် ဩဂုတ် ၂၇ ရက် ညပိုင်းက ဗုံးခွဲတိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ယင်းတိုက်ခိုက်မှုအတွင်း ရဲအရာရှိ သုံးဦးသေဆုံးခဲ့ကြောင်း ဟားမားစ်အဖွဲ့က ဩဂုတ် ၂၈ ရက်တွင် ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ယင်းဗုံးဖောက်ခွဲတိုက်ခိုက်မှုနှစ်ခုမှာ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ကြောင်းနှင့် အသေခံဗုံးခွဲတိုက်ခိုက်သူများမှာ မော်တော်ဆိုင်ကယ်များ စီးနင်းလာကာ ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက အေအက်ဖ်ပီသို့ ပြောကြားသော်လည်း ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ တရားဝင်အတည်ပြုခြင်း မရှိသေးပေ။

ယင်းအသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုအား အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)အား လိုလားသည့် ဂါဇာအခြေစိုက်ဆာလာဖစ် လှုပ်ရှားမှုအဖွဲ့က လုပ်ဆောင်သည်ဟု သံသယရှိရကြောင်း စုံစမ်းစစ်ဆေးမှုလုပ်ဆောင်သည့် နီးစပ်သည့် သတင်းရင်းမြစ်က ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသရှိ ဂါဇာစီးတီးတွင် ဗုံးဖောက်ခွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး လူသုံးဦးသေဆုံးခဲ့ကြောင်း ဟားမားစ်အဖွဲ့၏ ပြည်ထဲရေးဝန်ကြီးဌာနက အတည်ပြုခဲ့သော်လည်း အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခဲ့ခြင်းမရှိပေ။

ဩဂုတ် ၂၇ ရက် ညပိုင်းတွင် ရဲတပ်ဖွဲ့၏စစ်ဆေးရေးစခန်းများအား ပစ်မှတ်ထားသည့် ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားပြီး ရဲအရာရှိနှစ်ဦး သေဆုံးခဲ့ကြောင်း အစောပိုင်းက တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသ၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရခြင်းမှာ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ရပ်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း အီဂျစ်နိုင်ငံပိုင်နက်နှင့် ထိစပ်နေသည့် ဂါဇာကမ်းမြောင်တောင်ပိုင်း၌ အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ ဟားမားစ်အဖွဲ့မှ အစောင့်တပ်သားတစ်ဦး သေဆုံးခဲ့ရသည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန်- ဇော်ဝင်း**

# ယီမင်နိုင်ငံ မြောက်ဘက်ပိုင်း၌ ဟူသီသူပုန်များတိုက်ခိုက်၊ ယီမင်အစိုးရတပ်ဖွဲ့ဝင် ၂၅ ဦး သေ

**အေဒင် ဩဂုတ် ၂၈**

ယီမင်နိုင်ငံမြောက်ဘက်ပိုင်းရှိ ဆာဒါပြည်နယ်တွင် ဩဂုတ် ၂၇ ရက်က ယီမင်ဟူသီသူပုန်များက ကြီးမားသည့်တိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ခြင်းကြောင့် ဆော်ဒီအာရေဗျက ထောက်ခံမှုပေးထားသည့် ယီမင်အစိုးရတပ်ဖွဲ့ဝင် ၂၅ ဦး သေဆုံးခဲ့ရကြောင်း ယီမင်စစ်ဘက်အရာရှိတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဆာဒါပြည်နယ် အရှေ့ပိုင်းရှိ ကာတက်ဖ်ဒေသသို့ ရှေ့တိုးချီတက်နေသည့် ယီမင်အစိုးရတပ်ဖွဲ့ဝင်များအား ဟူသီသူပုန်များက ချုံခိုတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အမည်ဖော်ပြခြင်းမရှိသည့် စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။ ယင်းတိုက်ခိုက်မှုကြောင့် အစိုးရတပ်ဖွဲ့မှ စစ်သည် ၂၅ ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရသူအများအပြားရှိခဲ့ကာ ဟူသီသူပုန်များက ယီမင်အစိုးရတပ်ဖွဲ့ဝင်အချို့ကို ဖမ်းဆီးသွားကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကာတက်ဖ်ဒေသအနီး၌ သုံးရက်ဆက်တိုက်ဖြစ်ပွားသည့် ပြင်းထန်သောလက်နက်ကိုင်တိုက်ခိုက်မှုများမှာ ဆက်လက်ဖြစ်ပွားဆဲဖြစ်ကြောင်း ဆာဒါပြည်နယ် အုပ်ချုပ်ရေးမှူး ဟာဒီတာရှန်က ပြောကြားသည်။ ဆာဒါပြည်နယ်သည် အီရန်က ထောက်ခံအားပေးသည့် ဟူသီသူပုန်အဖွဲ့၏ အဓိကကျသောခံတပ်အဖြစ် ယုံကြည်ရသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် အာရပ်နိုင်ငံအချို့ကိုဦးဆောင်ပြီး စစ်ရေးညွန့်ပေါင်းအဖွဲ့ကို ဖွဲ့စည်းကာ နိုင်ငံတကာက အသိအမှတ်ပြုထားသည့် ယီမင် ပြည်ပြေးအစိုးရအဖွဲ့အား ထောက်ခံအားပေးနေခြင်းဖြစ်သည်။ ယီမင်ပြည်တွင်းစစ်၌ ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က သမ္မတဟောင်း အဗ္ဗဒယ်ရာဘူမွန်ဆော်၏ ယီမင်အစိုးရတပ်ဖွဲ့ဘက်မှ ပါဝင်ကာ ဟူသီသူပုန်များကို တိုက်ခိုက်နေခြင်းဖြစ်သည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်-ဇော်ဝင်း**

# တွဲသင်္ဘောဆီကန်ပေါက်ကွဲမှုဖြစ်၊ နှစ်ဦးသေဆုံး

**ရန်ကုန် ဩဂုတ် ၂၈**
ဒလမြို့နယ်နှင့် ၁၀ မိုင်ခန့်အကွာ ခနောင်မီးခြစ်စက်ကျေးရွာရှိမြစ်မေတ္တာ မွန်ကုမ္ပဏီပိုင် သင်္ဘောကျင်းတွင် ဩဂုတ် ၂၇ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က သင်္ဘောပဲ့နင်း ဦးဝင်းမြင့် မောင်းနှင်သည့် OB562 ဆုရတနာ တွဲသင်္ဘောပေါ်တွင် ပေါက်ကွဲမှု ဖြစ်ပွားရာ အလုပ်သမား နှစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဆုရတနာတွဲသင်္ဘောပေါ်တွင် ၉၂ ဆီကန် ၁၀ ကန်ပါရှိပြီး ဆီကန် တစ်ကန်လျှင် အလျား ၂၄ ပေ၊ အနံ ပေ ၂၀၊ အမြင့် ၁၀ ပေရှိပြီး ဒု ခုနစ်မီလီမီတာရှိသံထည်ဖြင့် တည်ဆောက်ထားသည်။ ဆီကန်အမှတ် (၁၀) ပေါက်ကွဲမှုကြောင့် လှိုင်သာယာမြို့နယ်နေ စိန်ကြီး (ခ) စိန်ထွန်းနှင့် တွံတေးမြို့နယ်နေ ဇေယျာမင်းတို့မှာ သေဆုံးသွားခဲ့သည်။ ဒလမြို့နယ်နေ သက်ဇင်ဖြိုးမှာ ဒူးနှင့်ညာခြေသလုံး တို့တွင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိသဖြင့် ဒလမြို့နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



**ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်**

အခင်းဖြစ်ပွားရာသို့ ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦး ဦးဆောင်၍ အုပ်ချုပ်မှုယာဉ် တစ်စီး၊ ဒလမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး တို့ဖြင့် သွားရောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

**အောင်သူရ**

## လွိုင်ကော်မြို့၌ ပွိုင့် ၂၂ ကျည်တောင့် ၁၅၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**လွိုင်ကော် ဩဂုတ် ၂၈**
ကယားပြည်နယ် လွိုင်ကော်မြို့တွင် ပါဆယ်ဘူးအတွင်းထည့်ထားသော ပွိုင့် ၂၂ ကျည်တောင့် ၁၅၀၀ နှင့် စိတ်ကြွဆေးပြား ၁၁၁ ပြားတို့ကို ဩဂုတ် ၂၇ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း လွိုင်ကော်မြို့မရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ လွိုင်ကော်မြို့မရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ဝင်းမြင့် ဦးစီးသောတပ်ဖွဲ့ဝင်များသည် လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက် လိုင်းပေါင်းစုံမော်တော်ယာဉ်ဂိတ်မှ ရွှေရာဇာဂိတ်မှူး ဦးအောင်သန်းစိန်က ပါဆယ်ဘူးလာပို့သဖြင့် စစ်ဆေးပေးပါရန် ယမန်နေ့က လာရောက်ပြောဆို၍ ရဲအုပ်ဝင်းမြင့်နှင့် ရဲဒုတပ်ကြပ် မျိုးထိုက်အောင်တို့က သွားရောက်စစ်ဆေးရာ မန္တလေးသို့ ပို့ဆောင်မည့် ဘူးအတွင်း၌ ပွိုင့် ၂၂ ကျည်တောင့် ၁၅၀၀၊ ကလပ်စဖိတ်သံပြားဝိုင်း တစ်ခု၊ နံရံဖောက်စက်အဟောင်းတစ်ခုတို့ကို စစ်ဆေးတွေ့ရှိရသဖြင့် ပါဆယ်ဘူး လာရောက်ပို့ဆောင်သူ မကေသီမြနှင့် ခင်ပွန်း နေအောင်တို့အား လွိုင်ကော် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

နေအောင် (ခ) နေမိန်သ၏ ထွက်ဆိုချက်အရ လွိုင်ကော်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ဇော်မိုးဦး၊ ပြည်နယ်မှုခင်းအကူတပ်ဖွဲ့မှ ရဲအုပ်ခင်ကိုကိုအဖွဲ့က နေအောင် (ခ) နေမိန်သ၏ နေအိမ်တွင် သွားရောက်ရှာဖွေရာ ရပ်ထားသည့် ကားခေါင်းခန်းအတွင်းမှ စိတ်ကြွဆေးပြား ၁၁၁ ပြား (၉ ဒသမ ၉၉ ဂရမ်ခန့်) နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့်ပစ္စည်းအား တွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးများအား လက်ဝယ်ထားရှိသူ နေအောင် (ခ) နေမိန်သအား အမှုဖွင့်ဆောင်ရွက်ထားကြောင်း လွိုင်ကော်မြို့မရဲစခန်းမှ သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# ရန်ကုန်၊ အမ်းနှင့် မင်းပြားမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၆ သိန်းကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၈**
ရန်ကုန်၊ အမ်း နှင့် မင်းပြားမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၆ သိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ ဩဂုတ် ၂၅ ရက်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များသည် ရန်ကုန်မြို့ မြန်မာပလာဇာရှေ့တွင် ထွဋ်အောင်လွင်နှင့် ကြည်ခိုင်တို့ နှစ်ဦးအား သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိပြီး ထွက်ဆိုချက်များအရ ၎င်းတို့ မူးယစ်ဆေးဝါးဝယ်ယူခဲ့သည့် စမ်းချောင်းမြို့နယ် ဇလွန်လမ်းနေ မအေးအေးဝင်း(ခ)စုလှိုင်၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၈၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့နောက် မအေးအေးဝင်း(ခ)စုလှိုင်၏ ထွက်ဆိုချက်အရ ဒဂုံဆိပ်ကမ်းမြို့နယ် ရတနာအိမ်ရာ(၁)ရှိ မခိုင်ခိုင်နှင့် နိုင်နိုင်ထွန်း မောင်နှမ နှစ်ဦး ငှားရမ်းနေထိုင်သည့်နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၈၀ ကိုလည်းကောင်း၊ ထပ်မံစစ်ဆေးဖော်ထုတ်ချက်အရ ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် အောင်မင်္ဂလာအဝေးပြေးဝင်းရှိ ရန်ကုန်-စစ်တွေ ခရီးသည်တင် မင်းထက်သာ ယာဉ်လိုင်း ယာဉ်အမှတ် 6C/ ... ၏ ယာဉ်ပစ္စည်းတင်အကန့်အတွင်းမှ စစ်တွေသို့ ပို့ဆောင်ရန် အပ်နှံထားသော ဆာလာအိတ် ခုနစ်အိတ်အတွင်းမှ အဝတ်အထည်များနှင့် ရောနှောထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းကိုလည်းကောင်း၊ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် အမ်းမြို့ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်တွေသို့ ထွက်ခွာလာသည့် မင်းထက်သာ ယာဉ်အမှတ် 6C/ ... ယာဉ်ပေါ်မှ ဆာလာအိတ် ငါးအိတ်ဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၅ သိန်းနှင့် မင်းပြားမြို့ ရာမောင်တံတားကူးနေရာ၌ လေးဝတီ ယာဉ်အမှတ် 5Q /.. ပေါ်တွင် ဆာလာအိတ် ငါးအိတ်ဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၇၄၉၉၇၅ ပြားကိုလည်းကောင်း ရှာဖွေတွေ့ရှိခဲ့ရာ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၀၂၇၈ သိန်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ သိန်းကျော် သိမ်းဆည်းရမိခဲ့သည်။



ပြစ်မှုကျူးလွန်သူ ခိုင်ခိုင်နှင့်အတူ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

**အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်**

မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ ခိုင်ခိုင်၏ ထွက်ဆိုချက်အရ ၎င်းတို့သည် ၂၀၁၅ ခုနှစ်က ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်စဉ် AA အဖွဲ့၏ စည်းရုံးမှုကြောင့် အဖွဲ့ဝင်ဖြစ်ခဲ့ပြီး စည်းရုံးလူသစ်စုဆောင်းခြင်း၊ ရန်ပုံငွေရရှိရေးအတွက် မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်ရောင်းဝယ်ဖြန့်ဖြူးခြင်းများကို လုပ်ကိုင်လျက်ရှိကြောင်း၊ ရန်ကုန်-စစ်တွေ ခရီးသည်တင် ယာဉ်များကို အသုံးပြု၍ ယခင်ကလည်း မူးယစ်ဆေးဝါး ငါးကြိမ်ခန့် သယ်ယူပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း ဖော်ထုတ်သိရှိရပြီး ကွင်းဆက်တရားခံများဖမ်းဆီးရမိရေး၊ တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တရားမဝင်သစ် ၁၇ တန်ကျော်နှင့် သစ်စက်တစ်ခုတို့ကို သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၈**
သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖမ်းဆီးရေးကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ ရက်တွင် သစ်တောဝန်ထမ်းများ၊ မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ခံဇားလာကာကြိုးဝိုင်းအတွင်းမှ ကျွန်းသစ် ၂၁ လုံး (၁၀ ဒသမ ၃၃၂၀ တန်)နှင့်အတူ ဂျင်ဒေါင်း(တရုတ်နီ)အင်ဂျင်ပါ သစ်စက်တို့ကို သိမ်းဆည်းရမိခဲ့သည်။



**ဖမ်းဆီးရမိ**

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် နတ်လာပို့(မြောက်ရွာဆိပ်ကမ်း)တွင် စက်လှေအသေးတစ်စင်း ဖောင်တစ်ခုပေါ်မှ အင်ခွဲသား ၄၃၂ ချောင်း (၇ ဒသမ ၄၆၁၄ တန်)ကို ပြစ်မှုကျူးလွန်သူနှစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၂၈**
နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ဟန့်တားရ၍မရသည့် သဘာဝဘေးအန္တရာယ်များ

## သန်းထွန်း (မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း)

သဘာဝဘေးအန္တရာယ်များဆိုသည်မှာ လူသားများနှင့် တိုက်ရိုက်ပတ်သက်မှုမရှိသော ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်ဖြစ်ပျက်မှုကြောင့် လူသားများ ထိခိုက်ပျက်စီးခြင်းကို ခေါ်ပါသည်။ ပိုမိုတိကျစွာဖော်ပြရလျှင် သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ပတ်ဝန်းကျင်လေထု၊ ရေထုနှင့် ဘူမိဆိုင်ရာမြေငလျင်လှုပ်ခတ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းနှင့် တောမီးလောင်ခြင်းတို့၏ တည်နေရာ၊ ပြင်းအားနှင့် အကြိမ်ကြိမ်ဖြစ်ပွားမှုတို့အပေါ်မူတည်၍ လူသားများ၏ အဆောက်အအုံများနှင့် နေထိုင်ကျက်စားမှုတို့အား ဆိုးရွားစွာထိခိုက်စေမှုပင် ဖြစ်သည်။

မီးတောင်ပေါက်ကွဲမှုကဲ့သို့ ရုပ်ပိုင်းဆိုင်ရာသဘာဝအဖြစ်အပျက်သည် လူသားများအား ထိခိုက်မှုမရှိပါက သဘာဝဖြစ်စဉ် (natural phenomenon) သာဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဟု မသတ်မှတ်ပေ။ လူနေထူထပ်သောဒေသတွင် သဘာဝဖြစ်စဉ်ဖြစ်ပေါ်ပါက ဘေးဥပဒ်အဖြစ်အပျက်ဟု သတ်မှတ်ပါသည်။ ဘေးဥပဒ်အဖြစ်အပျက်တစ်ခုသည် အတိုင်းအတာတစ်ခုအားလွန်၍ သေကျေပျက်စီးမှုများပြားခြင်း၊ တိုက်တာအဆောက်အအုံများ ပျက်စီးမှုများပြားခြင်းရှိပါက သဘာဝဘေးအန္တရာယ်ဟု သတ်မှတ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ ဘေးအန္တရာယ်လေ့လာစောင့်ကြည့်စနစ်အရ ၁၉၉၅ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုအများဆုံးနိုင်ငံများမှာ အမေရိကန်၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ပေသည်။

၂၀၁၂ ခုနှစ်တွင် ကမ္ဘာအနှံ့ သဘာဝဘေးအန္တရာယ်ကျရောက်မှု ၉၀၅ နေရာ ဖြစ်ခဲ့သည်။ ယင်းတို့အနက် ၉၃ ရာခိုင်နှုန်းမှာ ရာသီဥတုဖောက်ပြန်မှုကြောင့်ဖြစ်ပြီး အထွေထွေဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ဘီလီယံ ၁၇၀ နှင့် အာမခံလျော်ကြေး အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀ ဆုံးရှုံးခဲ့သည်။ ၂၀၁၂ ခုနှစ် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုမှာ အလတ်စားအဆင့်သာ ဖြစ်သည်။ ၄၅ ရာခိုင်နှုန်းမှာ မိုးလေဝသ (မုန်တိုင်း)ကြောင့်လည်းကောင်း၊ ၃၆ ရာခိုင်နှုန်းမှာ ရေလွှမ်းမိုးမှုကြောင့်လည်းကောင်း၊ ၁၂ ရာခိုင်နှုန်းမှာ ရာသီဥတုဆိုင်ရာ (အပူလှိုင်း၊ အအေးလှိုင်း၊ မိုးခေါင်မှု၊ တောမီးလောင်မှု)ကြောင့်လည်းကောင်း၊ ခုနစ်ရာခိုင်နှုန်းမှာ ဘူမိဖြစ်စဉ် (မြေငလျင်နှင့် မီးတောင်ပေါက်ကွဲမှု)ကြောင့် လည်းကောင်း ဘေးအန္တရာယ်များ ကျရောက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှု၏ ၁၄ ရာခိုင်နှုန်းမှာ ဘူမိဖြစ်စဉ်ကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။

**လူသားတို့အနေဖြင့် သဘာဝဖြစ်စဉ်အများစု၏ပြင်းအား စသည်တို့အား ထိန်းချုပ်နိုင်ခြင်း မရှိသော်လည်း သဘာဝအဖြစ်အပျက်များအား သဘာဝဘေးအန္တရာယ်အဖြစ် မရောက်စေရေးအတွက်မူ အရေးပါထိရောက်စွာ ဆောင်ရွက်နိုင်**

လူသားတို့အနေဖြင့် သဘာဝဖြစ်စဉ်အများစု၏ ပြင်းအား စသည်တို့အား ထိန်းချုပ်နိုင်ခြင်း မရှိသော်လည်း သဘာဝအဖြစ်အပျက်များအား သဘာဝဘေးအန္တရာယ်အဖြစ် မရောက်စေရေးအတွက်မူ အရေးပါထိရောက်စွာ ဆောင်ရွက်နိုင်ပေသည်။ အထူးအလေးထားသိရှိထားရန်အချက်မှာ လူသားတို့၏ အပြုအမူကြောင့် သဘာဝဘေးအန္တရာယ်များ အကြိမ်ကြိမ်ဖြစ်စေနိုင်ပြီး ပြင်းအားများ ပိုမိုပြင်းထန်စေသည်ဆိုသည့်အချက်ပင်ဖြစ်သည်။ ဥပမာ မြေပြိုဒေသရှိ ထိပ်ဦးပိုင်းကို အိုးအိမ်ဆောက်လုပ်ရန် တူးဖော်ဖယ်ရှားမိပါက မြေပြိုမှုထပ်မံဖြစ်ပွားပြီး လူနေအိမ်များ မြေပိခံရမည်ဖြစ်သည်။ လူသားများ၏ အပြုအမူကြောင့် ယခင်က မဖြစ်ခဲ့ဖူးသော သဘာဝဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာတတ်သည့်အပြင် ဂေဟစနစ် ထိန်းသိမ်းပြုပြင်မှုများကိုလည်း လျော့ပါးစေသည်။

**ကပ်ဘေးဆိုက်ရောက်နိုင်သော သဘာဝဖြစ်စဉ်များ**

လူသားများအား ဒုက္ခရောက်စေနိုင်သော ကပ်ဘေးများမှာ -

**၁။ ကမ္ဘာ့လေထု**
- (က) မုန်တိုင်းများ၊
- (ခ) မိုးကြိုးပစ်ခြင်း၊
- (ဂ) လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊
- (ဃ) အပူပိုင်းမုန်တိုင်းကျရောက်ခြင်း။

**၂။ မြေငလျင်**
- (က) ပြတ်ရွေ့များ ပွတ်တိုက်မှု၊
- (ခ) မြေလွှာကျုံ့ဝင်မှု၊
- (ဂ) မြေလွှာဘေးတိုက်ဖြန့်ကြက်မှု၊
- (ဃ) Liquefaction ကျောက်သားရေဝင်ခြင်း၊
- (င) ဆူနာမီ။

**၃။ ဘူမိဗေဒ/ဇလဗေဒဆိုင်ရာများ**
- (က) ကျောက်တုံးကျောက်ခဲများ လျှောကျခြင်း၊
- (ခ) မြေဆီလွှာဖြန့်ကြက်ခြင်း၊
- (ဂ) မြေပြိုခြင်း၊
- (ဃ) မြေကျွံခြင်း။

**၄။ ဇလဗေဒဆိုင်ရာများ**
- (က) ပင်လယ်ကမ်းရိုးတန်း ရေလွှမ်းခြင်း၊
- (ခ) သဲကန္တာရပေါ်ထွန်းခြင်း၊
- (ဂ) မြေဆီလွှာဆားဓာတ်လွန်ကဲခြင်း၊
- (ဃ) မိုးခေါင်ရေရှားခြင်း၊
- (င) မြေဆီလွှာတိုက်စားခြင်း၊ ပို့ချခြင်း၊
- (စ) မြစ်ရေကြီးခြင်း၊
- (ဆ) မုန်တိုင်းရေလှိုင်းတက်ခြင်း။

**၅။ မီးတောင်ပေါက်ကွဲခြင်း**
- (က) မီးတောင်ပြာနှင့် ချော်ခဲများ ကျရောက်ခြင်း၊
- (ခ) ဓာတ်ငွေ့များထွက်ခြင်း၊
- (ဂ) မီးတောင်ချော်ရည်စီးကြောင်းများ စီးဆင်းခြင်း၊
- (ဃ) ရွှံ့စေးကြောင်းများ စီးဆင်းခြင်း၊
- (င) ပေါက်ကွဲမှုများ ဖြစ်ပေါ်ခြင်း၊
- (စ) ချော်တုံးချော်ခဲများ ကျရောက်ခြင်း။

**၆။ တောမီးလောင်ခြင်း**
- (က) ချုံနွယ်၊ ချုံပုတ်များအား လောင်ကျွမ်းခြင်း၊
- (ခ) သစ်တောများအား လောင်ကျွမ်းခြင်း၊
- (ဂ) မြက်တောများအား လောင်ကျွမ်းခြင်း၊
- (ဃ) အပူပိုင်းမြက်ခင်းပြင်များ လောင်ကျွမ်းခြင်း။




**၂၀၁၈ ခုနှစ် မတ်လအတွင်း ပီရူးနိုင်ငံ ကူစကိုဒေသ၌ မြေပြိုနေမှုကို တွေ့ရစဉ်။**

**မြေငလျင် (Earthquakes) လှုပ်ခတ်ခြင်း**

မြေငလျင်သည် ကမ္ဘာ့အပေါ်ယံလွှာရှိ ပြတ်ရွေ့များရှိ ဖြည်းဖြည်းချင်း စုစည်းထားသော တင်းအားတစ်ခုအား ရုတ်တရက်လျော့ကျသွားခြင်းကြောင့် ဖြစ်သည်။ မြေငလျင်နှင့် မီးတောင်ပေါက်ကွဲခြင်းတို့သည် များသောအားဖြင့် မြေလွှာချပ်ထုများ ထိပ်တိုက်တွေ့ရာဇုန်တို့တွင် တွေ့ရများသည်။

မြေငလျင်သည် အချိန်မှန်ဖြစ်ပေါ်လေ့မရှိဘဲ တိကျသောခန့်မှန်းမှု မပြုလုပ်နိုင်သည့်အတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ခုဖြစ်ပြီး အောက်ပါဖြစ်ရပ်များနှင့် ဆက်နွှယ်နေသည် -

- ငလျင်ဗဟိုချက်အနီး မြေလွှာကျုံ့ဝင်မှုသည် လူနေထူထပ်ရာဒေသတွင် သေကျေပျက်စီးမှုများတတ်သည်။
- အားနည်းသည့် မြေလွှာအက်ကြောင်းတစ်လျှောက် အောက်ခံကျောက်များ ကွဲကွာသွားပြီး မြေမျက်နှာပြင်ကျောက်များ ကြေပျက်စေသည့် ပြတ်ရွေ့များ။
- မတ်စောက်သည့် တောင်ကုန်းနှင့် ခိုင်ခံ့မှုမရှိသော တောင်တန်းတို့တွင် မျက်နှာပြင်မြေလွှာထုကျုံ့ခြင်းကြောင့် ဖြစ်ပေါ်သည့် တောင်ပြိုမှုများ။
- တွဲဆက်မှုနည်းပြီး ပြေပြစ်သော တောင်စောင်းတွင် ရေဝင်မှုများ (Liquefaction) ဖြစ်ပေါ်သည့် မြေထုသည် မြေလှုပ်ရှားမှုကြောင့် မြေပြိုနိုင်သည်။ ရေပျော်ဝင်မှုဖြစ်စဉ်ကြောင့် ဘေးတိုက်ရွေ့လျားမှုများဖြစ်ပေါ်ပြီး အပျက်အစီးအများဆုံး ဘူမိအန္တရာယ်ဖြစ်သည်။
- တွဲဆက်မှုမရှိဘဲ အထိန်းမဲ့၊ အနယ်ကျကျောက်များအနေအထားကျဖြစ်စဉ်ကြောင့် မြေကျွံမှုနှင့် အပေါ်ယံမြေနိမ့်ကျခြင်း။
- ပင်လယ်ကြမ်းပြင်အောက် လျင်လှုပ်ခတ်မှုကြောင့် ဆူနာမီ (သို့မဟုတ်) လျင်ပင်လယ်လှိုင်းကြီးများ ငလျင်ဗဟိုချက်မှ ကီလိုမီတာထောင်ပေါင်းများစွာအထိ ဖြစ်ပေါ်နိုင်ပါသည်။

**မီးတောင်ပေါက်ကွဲခြင်း (Volcanoes)**

မီးတောင်ပေါက်ကွဲခြင်းသည် ကမ္ဘာမြေအောက်ရှိ ကျောက်ရည်ပူများနှင့် ဓာတ်ငွေ့များ ကမ္ဘာ့အပေါ်ယံမျက်နှာပြင်သို့ ပေါက်ထွက်လာခြင်းပင် ဖြစ်သည်။ မီးတောင်ပေါက်ကွဲမှုအန္တရာယ် နှစ်မျိုးရှိသည်။

- ကမ္ဘာမြေမျက်နှာပြင်အနီးရှိ ကျောက်ရည်ပူများနှင့် ဓာတ်ငွေ့များ တွန်းအားကြောင့် လျင်မြန်စွာပေါက်ကွဲလွင့်စဉ်ပြီး ကျောက်တုံးကြီးများ၊ ကြေမွကျောက်များနှင့် ချော်ရည်များ ယင်းနေရာမှ ဝေးရာများသို့ ပျံ့နှံ့သွားခြင်း ဖြစ်သည်။
- မီးတောင်ချော်ရည်ချော်ခဲများ ပေါက်ကွဲခြင်းမရှိဘဲ စီးဆင်းလာခြင်းသည်လည်း အန္တရာယ်ကျရောက်စေပါသည်။ စီးကြောင်းများ၏ သဘာဝမှာ ရွှံ့ ပြာနှင့် ချော်ရည်အမျိုးမျိုးနှင့် ပမာဏအမျိုးမျိုးရှိပြီး မူရင်းဒေသများလည်း အမျိုးမျိုးရှိနိုင်ပါသည်။ စီးကြောင်းတို့၏ အန္တရာယ်သည် ကမ္ဘာမြေဆွဲအား၊ ပတ်ဝန်းကျင်ဘူမိရုပ်သွင်နှင့် ချော်ရည်တို့၏ စေးပျစ်မှုတို့အပေါ် မူတည်ပါသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်သည့် အန္တရာယ်တို့မှာ ချော်ရည်စီးကြောင်းများ ကျဆင်းလာသည့် ပြာများနှင့် ကျောက်တုံးကြီးများ၊ ရွှံ့ရည်စီးကြောင်းများနှင့် အဆိပ်ဓာတ်ငွေ့များ ပါဝင်သည်။ မီးတောင်ပေါက်ကွဲမှုကြောင့် ဆက်တိုက်ဖြစ်လာနိုင်သည့် အခြားသဘာဝအန္တရာယ်များမှာ ဆူနာမီရေလှိုင်းများတက်ခြင်း၊ မြေပြင်အနေအထားပျက်ပြယ်ခြင်း၊ မြစ်၊ ချောင်းနှင့် ကန်များ ပိတ်ဆို့ပျက်စီးမှုကြောင့် ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

**မြေပြိုခြင်း (Landslides)**

မြေပြိုခြင်းဆိုသည်မှာ တွဲဆက်ခိုင်မာမှုမရှိသည့် မြေလွှာထုများရွေ့လျားခြင်း၊ လျော့ကျခြင်းနှင့် စီးဆင်းခြင်းတို့ ပါဝင်ပါသည်။ မြေပြိုခြင်းများသည် မြေငလျင်လှုပ်ခတ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မိုးများ၍ မြေဆီလွှာများ ပျော့အိသွားခြင်း သို့မဟုတ် မြေအောက်ရေ မြင့်တက်လာခြင်း၊ မြစ်ချောင်းများ ပြိုကျခြင်းတို့ကြောင့် ဖြစ်ပေါ်တတ်သည်။ လျင်လှုပ်ချိန်တွင် ပျော်ဝင်နေသော မြေဆီလွှာများသည် အထူးအန္တရာယ်များသည့် အခြေအနေဖြစ်သည်။ မြေပြိုမှုသည် နေရာကွက်ကျားဖြစ်တတ်သော်လည်း ယင်းတို့၏ အကြိမ်ကြိမ်ဖြစ်ပေါ်တတ်မှုကြောင့် အထူးအန္တရာယ်ပြုနိုင်ပေသည်။ မြေပြိုမှုအမျိုးမျိုးမှာ အောက်ပါအတိုင်းဖြစ်သည်-

- ပြုတ်ကျကျောက်များ၊ ကျောက်ဆောင်များအပေါ်မှ ပြုတ်ကျသော ကျောက်တုံးများဖြစ်သည်။ ယင်းတို့သည် တောင်စောင်းနံရံအခြေတွင် တောင်စောင်းအဖြစ် စုပုံနေပြီး ယင်းတောင်စောင်းသည်လည်း ထပ်တိုးအန္တရာယ်ဖြစ်ပေါ်နိုင်ပေသည်။

စာမျက်နှာ ၁၆ သို့ ❖

❖ စာမျက်နှာ ၁၅ မှ

- လျှော့ကျကျောက်နှင့် စီးမျောကျောက်များ၊ ဘူမိအနေအထားတစ်လျှောက် ရွေ့လျားအားနည်းမှုကြောင့် အပေါ်ယံမြေထုရွေ့လျားခြင်း၊ အပေါ်ယံမြေထု လုံးဝပုံပျက်ခြင်းမရှိဘဲ ရွေ့လျားပါက 'Slump' ဟုခေါ်သည်။
- စီးမျောမှုနှင့် ဘေးတိုက်ဖြန့်ကြက်မှု မြေအောက်ရေတိမ်ပိုင်းရှိ အားနည်းသည့် သက်နုမြေသားများတွင် ဖြစ်ပေါ်တတ်သည်။ ပြေပြစ်သော မြေမျက်နှာပြင်များတွင် ဖြစ်လေ့ရှိသော်လည်း ရေဝင်အောင်းမှု (Liquefaction) ကြောင့် မူရင်းနေရာမှ အတော်အတန်ဝေးကွာသည့် နေရာအထိ ရွေ့လျားနိုင်သည်။

အထက်ဖော်ပြပါအဖြစ်အပျက်များ၏ ထိခိုက်ပျက်စီးမှုသည် မြေပြိုသဘာဝအပေါ် မူတည်ပါသည်။ ကျောက်တုံးများ ပြုတ်ကျခြင်းသည် အသက်အိုးအိမ်များအတွက် အန္တရာယ်ရှိသော်လည်း ဖြစ်ပွားသည့်နေရာဒေသမှာ အကန့်အသတ်ရှိနေသည့်အတွက် နေရာကွက်ကွက်အတွက်သာ စိုးရိမ်မှုရှိစေပါသည်။ ယင်းနှင့်ဆန့်ကျင်သည့် မြေလျှောကျမှု၊ မျောစီးမှုနှင့် ဘေးတိုက်ဖြန့်ကြက်မှုများသည် ဧရိယာကျယ်ပြန့်ကြီးမားသည့်အတွက် အသက်အိုးအိမ်မြောက်မြားစွာ ထိခိုက်ပျက်စီးနိုင်သည်။ မီးတောင်ပေါက်ကွဲမှုကြောင့် ရွှံ့ရည်စီးဆင်းခြင်းသည် ယင်း၏မူလနေရာမှ အရှိန်ပြင်းစွာ စီးဆင်းသဖြင့် အကြီးမားဆုံးမီးတောင်အန္တရာယ်ဟု သတ်မှတ်ပါသည်။

**ရေလွှမ်းမိုးခြင်း (Flooding)**

ရေလွှမ်းမိုးခြင်းအား နှစ်မျိုး ခွဲခြားသတ်မှတ်နိုင်သည်။

(၁) ကုန်းတွင်းရေလွှမ်းမိုးခြင်း သို့မဟုတ် မြစ်ရေကြီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်းမျိုးဖြစ်သည်။

(၂) ပင်လယ်ကမ်းခြေ ရေကြီးရေလျှံခြင်း၊ မုန်တိုင်းကြောင့်ဖြစ်ပေါ်သည့် ရေလှိုင်းကြီးများ၊ ထူးခြားသည့် ဆူနာမီရေလှိုင်းများကြောင့် ရေကြီးရေလျှံခြင်းမျိုးဖြစ်သည်။

**ဆူနာမီရေလှိုင်းများ (Tsunamis)**

ဆူနာမီရေလှိုင်းများသည် အချိန်ကြာရှည် ရေလှိုင်းကြီးများဖြစ်ပြီး မြေငလျင်လှုပ်ရှားမှု၊ မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်များနှင့် ပင်လယ်ရေအောက် မြေလွှာရွေ့လျားမှုများကြောင့် ဖြစ်ပေါ်လာတတ်သည်။ ဆူနာမီလှိုင်းလုံးကြီးများ၏ထိပ်သည် ရေတိမ်ပိုင်းသို့ရောက်ရှိပါက ၂၅ မီတာအထိ မြင့်တက်နိုင်ပါသည်။ ဆူနာမီလှိုင်း၏အကျယ်မှာ ကီလိုမီတာ ၁၀၀ ထက်ကျော်လေ့ရှိပြီး ရေနက်ပိုင်းအဟုန်မှာ တစ်နာရီလျှင် ကီလိုမီတာ ၇၀၀ အထိ ရှိသည်။ သို့အတွက် ခန့်မှန်းရန်နှင့် စောင့်ကြည့်လေ့လာရန် ခက်ခဲလှသည်။ ဆူနာမီကြောင့် ပင်လယ်ကမ်းခြေရေလွှမ်းမိုးခြင်းလက္ခဏာများသည် မုန်တိုင်းကြောင့် ဖြစ်ပေါ်သည့် ဒီရေလှိုင်းဖြစ်စဉ်နှင့် အတူတူပင်ဖြစ်သည်။

**ဟာရီကိန်းလေမုန်တိုင်း (Hurricanes)**

ဟာရီကိန်းလေမုန်တိုင်းတို့သည် အပူပိုင်းလေဖိအားနည်းရပ်ဝန်းမှ ပြင်းထန်သောမုန်တိုင်းအဖြစ် ပြောင်းလဲခြင်းဖြစ်သည်။ လေထုများ ဝဲကတော့၊ စပရင်တို့ကဲ့သို့ ပုံစံဖြင့် ဗဟိုချက်သို့ တိုးဝင်တိုက်ခတ်ခြင်းကြောင့် ဖြစ်သည်။ ယင်းတို့သည် ပူနွေးသော ပင်လယ်ရေပြင်အထက် အနိမ့်ပိုင်းတွင် စတင်ဖြစ်ပေါ်ပြီး ထိခိုက်ပျက်စီးမှုများပြားခြင်း၊ ထိခိုက်ဧရိယာကျယ်ပြန့်ခြင်း၊ အလိုအလျောက်ဖြစ်ပေါ်ခြင်း၊ ဦးတည်ရာမဲ့ ရွေ့လျားခြင်းတို့ကြောင့် အန္တရာယ်ကြီးမားလှပေသည်။

သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာ့တိုက်များရှိ နိုင်ငံအသီးသီးတွင် အစဉ်အမြဲဖြစ်ပွားနေသော သဘာဝဖြစ်စဉ်ပင်ဖြစ်သည်။ အဓိကအကြောင်းရင်းမှာ ကမ္ဘာမြေဆွဲအားကြောင့် မတည်ငြိမ်သော၊ မခိုင်မာသော ရုပ်ဝတ္ထုပစ္စည်းများအား ကမ္ဘာမြေဆွဲအားမှ တည်ငြိမ်သည့် အခြေအနေအထိ ဆွဲချနေမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် အထူးသဖြင့် မြေပြိုခြင်း (Landslides) သဘာဝဘေးအန္တရာယ်များ မကြာခဏဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရသည်။ ချင်းတောင်ဒေသ၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ပုပ္ပားတောင်ဒေသတို့တွင် နှစ်အနည်းငယ်အတွင်း အကြိမ်ကြိမ် ဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရသည်။ အထက်ဖော်ပြပါ ဘူမိဖြစ်စဉ်တို့မှာ ကမ္ဘာဦးအစမှ အဆက်မပြတ်ဖြစ်ပေါ်နေသော သဘာဝဖြစ်စဉ်များသာဖြစ်ပြီး လူသားများအနေဖြင့် တားဆီး၍ ရနိုင်သောအရာများမဟုတ်ပေ။ သို့ရာတွင် ယခင်အတွေ့အကြုံများနှင့် ခေတ်မီနည်းစနစ်များဖြင့် သက်သာ၊ ဘေးကင်းရာနေရာများသို့ ပြောင်းရွှေ့နေထိုင်ခြင်း၊ ရှောင်ရှားနိုင်ခြင်းတို့ ဆောင်ရွက်နိုင်ပေသည်။ ကမ္ဘာဦးအစကပင် လူတို့သည် ရေကြည်ရာ မြက်နုရာ အရပ်တို့တွင် မိရိုးဖလာအစဉ်အလာဖြင့် နေထိုင်ခဲ့ကြရသည့်အတွက် သဘာဝဘေးအန္တရာယ်တို့မှာ နှစ်ပေါင်း ၅၀-၁၀၀ မှ တစ်ကြိမ်ခန့် ဖြစ်တတ်ကြ၍ မသိ၊ မမီလိုက်ခြင်း၊ မှတ်တမ်းမှတ်ရာများမရှိခြင်းကြောင့် မမျှော်လင့်ဘဲ အန္တရာယ်ကျရောက်မှသာ အကြောင်းရင်းကို သတိပြုမိကြဟန်ရှိပါသည်။ သို့အတွက် ယနေ့ခေတ်တွင် ခေတ်မီဆန်းသစ်သောနည်းပညာများ၊ ဂြိုဟ်တုဓာတ်ပုံများနှင့် Remote Sensing နည်းပညာတို့ဖြင့် သဘာဝဘေးအန္တရာယ်များလေ့လာရာတွင် သေချာခိုင်မာသောအချက်အလက်နှင့် သုံးသပ်ချက်များဖြင့် ထိန်းသိမ်းမှတ်တမ်းတင်ထားသော သမိုင်းကြောင်းအပြည့်အစုံရှိထားရန် လိုအပ်ပေသည်။ ဒေသခံလူထု၏ ရိုးရာအယူအဆအမှတ်အသားတို့အားလည်း ထည့်သွင်းမှတ်တမ်းတင်ထားသင့်ပေသည်။ အဆိုပါရှေးဦးအဖြစ်အပျက် သမိုင်းကြောင်းများနှင့် သတင်းအချက်အလက်များ မိုးလေဝသ၊ ဘူမိဗေဒ၊ ဘူမိရုပ်သွင်နှင့် အင်ဂျင်နီယာဘူမိဗေဒပညာရပ်တို့အား အခြေခံ၍ ဘေးကင်းရာနေရာဒေသတို့တွင် မြို့ပြအိမ်ရာများ ရွှေ့ပြောင်းတည်ဆောက်နိုင်ပြီဖြစ်၍ လူသားများ စဉ်ဆက်မပြတ် အသက်ရှင်နေထိုင်နိုင်ရေး ဉာဏ်ပညာ၊ သတိ၊ ဝီရိယတို့ဖြင့် အေးချမ်းသာယာစွာ နေထိုင်နိုင်ကြရန် ရည်ရွယ်လျက် ဤဆောင်းပါးအား ရေးသားတင်ပြပါသည်။ ။


**ဆူနာမီရေလှိုင်းများသည် အချိန်ကြာရှည် ရေလှိုင်းကြီးများဖြစ်ပြီး မြေငလျင်လှုပ်ရှားမှု၊ မီးတောင်ပေါက်ကွဲမှု ဖြစ်စဉ်များနှင့် ပင်လယ်ရေအောက် မြေလွှာ ရွေ့လျားမှုများကြောင့် ဖြစ်ပေါ်လာတတ်**




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

### သင့်ကျန်းမာရေးအတွက် ဆောင်ရန်အမူအကျင့်များ




စာရေးသူ ဒေါက်တာခင်မိုးမိုး စီစဉ်ရေးသားသည့် သင့်ကျန်းမာရေးအတွက် ဆောင်ရန်အမူအကျင့်များစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အသက်ရှည်စေရန် ပြုလုပ်သင့်သည့် လွယ်ကူသော အလေ့အကျင့်ကောင်းများ၊ ကျန်းမာရေးအတွက် ဂရုတစိုက်လုပ်သင့်သည်များ၊ ခန္ဓာကိုယ်အတွင်း အဆိပ်အတောက်ကင်းစင်ပြီး ကျန်းမာရေးကောင်းမွန်နိုင်မည့် အမူအကျင့်များ၊ ပြုလုပ်သင့်သော နံနက်အိပ်ရာထ အမူအကျင့်များ၊ ပြုပြင်ပြောင်းလဲသင့်သော နံနက်အိပ်ရာထအမူအကျင့်များ၊ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းအောင် နံနက်အိပ်ရာထတိုင်း ပြုလုပ်သင့်သော ဆွဲဆန့်လေ့ကျင့်ခန်းများ၊ ကျန်းမာရေးအတွက် နံနက်အိပ်ရာထကာစမှာ ရေသောက်ပါ၊ ကိုယ်အလေးချိန်ကျဆင်းစေရန် ပြုလုပ်သင့်သော အိပ်ရာဝင်အလေ့အကျင့်များကို ဖော်ပြထားသဖြင့် ကျန်းမာရေးလိုက်စားသူများ ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို - စွယ်စုံမီဒီယာဂရု(ပ်)၊ ပထမထပ်၊ Central Tower အနော်ရထာလမ်း (၃၉-လမ်းထောင့်)၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၈၅၂၉၃နှင့် ၀၁ ၃၉၂၇၃၉ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

### ဂျစ်ပစီမြို့တော်





ကဗျာစာပေစိတ်ဝင်စားသူများအတွက် စာရေးသူငြိမ်းချမ်းဖေ စီစဉ်ရေးသားသည့် ဂျစ်ပစီမြို့တော်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ခြေဖဝါးအောက် ရောက်လာတဲ့မြေဟာ မင်းနဲ့တူတိုင်းတော့ တမိရတာပါပဲ၊ တိမ်တွေ တောင်တွေနဲ့ နှင်းကတစ်ခုခုကို ပေးတယ်၊ ကိုယ်တစ်ခုမှမရခဲ့ရဘူး၊ ရာသီက မီးခိုးတအူအူ မြို့လေးပေါ် ပြန်ကျပြန်ရောက်လာခဲ့တာပဲ၊ ကိုယ်ကပြန်မရောက်ဖြစ်တော့ဘူး၊ မြင်နေရတဲ့ မြူတွေထဲ တစ်ခုခုထလုပ်ချင်စိတ်ဖြစ်လာမိတယ်၊ ကိုယ်ဘာတစ်ခုမှ ထမလုပ်ဖြစ်မိတော့ဘူး၊ မြို့လေးက ကိုယ့်ဆီလိုက်လာနေသလို ပိုကြီးပြင်းလာတဲ့ဘဝတွေထဲ ပိုကြီးပြင်းလာတဲ့ ဒဏ်ရာတွေက လိုက်လာနေကြတယ်၊ ကိုယ်ကခွာဖယ်ချမပစ်ရက်ဘူး၊ ဒီလို ဘဝဆိုတာလည်း ခပ်ရှုပ်ရှုပ်ပဲဆည်းဆာ ကိုယ်က စိတ်ကူးလေးနဲ့တောင် မရှင်းလင်းရက်ခဲ့ဘူးဟု ရေးသားထားသည့် အလွမ်းမြို့ကဗျာနှင့် အပုဒ် ၅၀ နီးပါးကို ရေးသားထားသည်။

**စာအုပ်ကို - မေပန်းမြတ်ဖေစာပေ၊ အမှတ်-၄၊ မာလာမြိုင်(၇)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၄၅၈၁၈၂၁၀၄ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

### အိပ်မက်ကောင်းတွေမက်စေသည့် Dream Catcher နှင့် လာဘ်ရှင်စေသည့်ပန်းဆီမီး





စာရေးသူ သက်နှင်းဆွေ(ပုပ္ပား) စီစဉ်ရေးသားသည့် အိပ်မက်ကောင်းတွေမက်စေသည့် Dream Catcher နှင့် လာဘ်ရှင်စေသည့် ပန်းဆီမီး စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အိပ်မက်ဆိုးတွေကိုကာကွယ်ပေးပြီး အိပ်မက်ကောင်းတွေကို ဖမ်းယူပေးသည့် ထူးထူးခြားခြားအဆောင်များ၏ အကြောင်း၊ ငွေဝင်စေရန်အတွက် လူအများဆောင်တတ်ကြသည့် အဆောင်လေးများ၏အကြောင်း၊ မျက်နှာပွင့်လန်းစေပြီး စီးပွားလည်းတက်စေသည့် မာတင်္ဂအဆောင်အကြောင်းနှင့် အစွမ်းထက်မြက်လှသည့် မာတင်္ဂဂါထာအကြောင်း၊ ငွေကုန်ကြေးကျ သက်သာစေပြီး ငွေရေးကြေးရေးပြေလည်စေသည့် ယတြာလေးတစ်ခု၏ အကြောင်း၊ လာဘ်ရှင်ငွေဝင်စေသည့် ပန်းဆီမီးလေး၏အကြောင်း ရေးသားထားသဖြင့် ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို- မဋ္ဌိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁ ၈၃၉၂၈၃၅ နှင့် ၀၉ ၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

### ဂေဟဗေဒစနစ်ဖြင့် ဝါးပင်များရှင်သန်ဖွံ့ဖြိုးစေဖို့




ရတနာစိုး (အမျိုးသားစာပေဆုရ) ရေးသားသည့် ဂေဟဗေဒစနစ်ဖြင့် ဝါးပင်များရှင်သန်ဖွံ့ဖြိုးစေဖို့ စာအုပ်ထွက်ရှိလာသည်။

မြန်မာနိုင်ငံတော်၏ သစ်တောအမျိုးအစားများ၊ အဖိုးတန်သစ်ပင်များ ပေါက်ရောက်သည့်ဒေသအလိုက် ဝါးအမျိုးကွဲများပေါက်ရောက်ပုံကို ဖော်ပြထားရာ ဒေသအလိုက် ဝါးအခြေခံ၍ သစ်ပင်၊ သီးနှံပင်များ ရောနှောစိုက်ပျိုးခြင်းကို ပိုမိုလွယ်ကူမည်ဖြစ်သည်။ ဟန်ချက်ညီဂေဟစနစ်ဖြင့် ဝါးပင်များရှင်သန်ဖွံ့ဖြိုးပြီး သစ်တော၊ သစ်ပင်များ၊ စိုက်ပျိုးသီးနှံများနှင့် သတ္တဝါများ အပြန်အလှန်အကျိုးပြုသည့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးကို ရည်ရွယ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို - ရတနာတင့်စာပေတိုက်၊ ခြံအမှတ်-၂၅၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း -၀၁-၈၅၅၀၇၂၅ နှင့် ၀၉- ၄၀၄၀၇၇၇၈၈ တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**

# ပခုက္ကူတက္ကသိုလ်၌ Social Media အကြောင်းဆွေးနွေးပွဲကျင်းပ

**ပခုက္ကူ ဩဂုတ် ၂၈**

Social Media အကြောင်းဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီခွဲက ပခုက္ကူတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသည်။

ပခုက္ကူတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာညိုညိုထွန်းက အမှာစကားပြောကြားပြီး ရန်ကုန်မြို့ Association Francois Xavier Bagnoud (FXB-Myanmar) မှ စီမံကိန်းမန်နေဂျာ ဒေါ်ဖြိုးစုပိုပိုက ဒစ်ဂျစ်တယ်ခေါင်းစဉ်ဖြင့် Social Media အကြောင်းဆွေးနွေးမည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လွယ်ကူမှန်းဆရခက်သော ခိုင်မာသည့်စကားဝှက်များအကြောင်း၊ စကားဝှက်များတွင် ထူးခြားသောဂဏန်းများ၊ အက္ခရာများ၊ စာလုံးများအကြောင်း၊ လူမှုကွန်ရက်တွင်တွေ့ရှိနိုင်သော ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ၊ လူမှုကွန်ရက်တွင် လိုက်နာသင့်သည့် နည်းလမ်းများ၊ Social Media ၏ ကောင်းကျိုး၊ ဆိုးကျိုးများအကြောင်းတို့ကို (FXB-Myanmar) မှ စီမံကိန်းမန်နေဂျာ ဒေါ်ဖြိုးစုပိုပိုနှင့် စီမံကိန်းအဖွဲ့ဝင် ၁၁ ဦးတို့က ရှင်းလင်းကြရာ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက မိမိတို့သိရှိလိုသည်များ မေးမြန်းကြပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဆလိုင်းကိုကီး**



# စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ဆောင်ရွက်မှုကြောင့် အမှုဖြစ်စဉ်များကိုကူညီပေးနိုင်

**ရန်ကုန် ဩဂုတ် ၂၈**

စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ကာ စနစ်တကျထိန်းကျောင်းခဲ့သောကြောင့် အမှုဖြစ်စဉ် ၂၉၀၀ ကို ကူညီပေးနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

"အမှုပေါင်း ၂၉၀၀ မှာက အမှုမျိုးစုံဖြစ်ပါတယ်၊ အဲဒီလို မှုခင်းအားလုံးကို ကျွန်တော်တို့ ကူညီခဲ့တာဖြစ်ပါတယ်၊ ဒါတွေကို ကျွန်တော်တို့အနေနဲ့ ဘာဖြစ်လို့ ကူညီနိုင်လဲဆိုရင် စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ပြီးတော့ ထိန်းကျောင်းပေးလို့ ဒါတွေကို ကျွန်တော်တို့လုပ်နိုင်တာပါ" ဟု ဦးလှအောင်က ပြောသည်။

အဆိုပါ စီးတီးတက္ကစီမှတ်ပုံတင်ခြင်းကို ၂၀၀၂ ခုနှစ်မှစ၍ စီမံချက်ချကာ မြို့တော်အင်္ဂါရပ်နှင့်ညီသော အငှားယာဉ်များဖြစ်ရေး၊ အငှားယာဉ်စီးနင်းသူများကို အထောက်အပံ့ပြုနိုင်ရေးနှင့် အငှားယာဉ်များကို စည်းကမ်းထိန်းသိမ်းမှုလုပ်ဆောင်ပေးနိုင်ရေးတို့အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအစိုးရလက်ထက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အမိန့်ကြေညာစာထုတ်ပြန်၍ YRTA ကို ဖွဲ့စည်းခဲ့ပြီး YRTA မှ စီးတီးတက္ကစီမှတ်ပုံတင်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ YRTA အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားသော တက္ကစီယာဉ်များအား ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီးတီးတက္ကစီယာဉ်များအဖြစ် မှတ်ပုံတင်ခြင်း၊ သတ်မှတ်ကာလအလိုက် စီးတီးတက္ကစီမှတ်ပုံတင် သက်တမ်းတိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် စီးတီးတက္ကစီမှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းလုပ်ငန်းများ ပျက်ကွက်ခဲ့သည့် အငှားယာဉ် ၅၀၀၀ ကျော် ကျန်ရှိခဲ့သည်။

လက်ရှိတွင် အဆိုပါ စီးတီးတက္ကစီမှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းလုပ်ငန်းများ ပျက်ကွက်ခဲ့သည့် အငှားယာဉ် ၅၀၀၀ ကျော်ကို စက်တင်ဘာ ၃၀ ရက်အထိ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်း လာရောက်ဆောင်ရွက်ခြင်းမရှိသည့် အငှားယာဉ်များကို အမိန့်ညွှန်ကြားချက်၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးတီးတက္ကစီမှတ်ပုံတင်ထားသည့် ယာဉ်အစီးရေမှာ ဇူလိုင်လကုန်အထိ ၆၇၀၈၅ စီးရှိကြောင်း တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) ၏ စာရင်းများအရ သိရသည်။

**ငြိမ်းငြိမ်း**

## တိုတိုထွာထွာဖတ်စရာ

### မြို့နယ်သတင်းမီဒီယာအဖွဲ့များတွေ့ဆုံဆွေးနွေး

**ကျောက်တံခါး**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက မြို့နယ်သတင်းမီဒီယာအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

သတင်းမီဒီယာ ကျင့်ဝတ်စည်းကမ်းဥပဒေများကို လေးစားလိုက်နာပြီး သတင်းများ တိကျမှန်ကန်စွာဖြင့် ရေးသားဖော်ပြနိုင်ရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သတင်းမီဒီယာများ တွေ့ဆုံဆွေးနွေးပွဲကို မကြာခဏပြုလုပ်ပေးရေး၊ သတင်းစာပညာသင်တန်းကိုလည်း နွေရာသီတွင်ဖွင့်လှစ်ပို့ချနိုင်ရေး ဆွေးနွေးခဲ့ကြသည်။ **နေလင်း(ညောင်လေးပင်)**

### ဝက်အပြင်းဖျားရောဂါကာကွယ်ရေး မီဒီယာများနှင့်တွေ့ဆုံ

**အင်းတော်**

အာဖရိက ဝက်အပြင်းဖျားရောဂါဆိုင်ရာ အသိပညာပေးလုပ်ဆောင်ထားရှိခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို သိရှိနိုင်ရန် ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးတွင် သတင်းမီဒီယာများနှင့် တွေ့ဆုံသည်။

အင်းတော်မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဦးကျော်မင်းဦးက မြန်မာနိုင်ငံသို့ အာဖရိကဝက်အပြင်းဖျားရောဂါ ရောက်ရှိလာပုံ၊ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ပြုလုပ်ထားပုံ၊ ပညာပေးလုပ်ငန်းများ လုပ်ဆောင်ထားပုံတို့ကို ပြောကြားသည်။ ထို့နောက် တက်ရောက်လာသော သတင်းမီဒီယာများက သိရှိလိုသည်များကိုမေးမြန်းရာ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဦးကျော်မင်းဦးက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**နီတိုး**

### ဂန့်ဂေါတွင် လယ်ယာမြေလျော်ကြေးငွေပေးအပ်

**ဂန့်ဂေါ**

ဂန့်ဂေါမြို့နယ် စက်မှုလယ်ယာဦးစီးဌာနရုံးဆောက်လုပ်ရာတွင် ပါဝင်သွားသည့် လယ်ယာမြေများအတွက် တောင်သူများသို့ မြေယာလျော်ကြေးငွေပေးအပ်ပွဲကို ဩဂုတ် ၂၆ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂန့်ဂေါခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမြင့်စိုးက မြေယာလျော်ကြေးငွေပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လယ် သုည ဒသမ ၇၂ ဧက၊ ယာ ၁ ဒသမ ၅၈ ဧက တို့အတွက် ကျပ် ၃၈၁၀၀၀၀ ကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများက တောင်သူခြောက်ဦးတို့ထံ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိန်ကျော်**

# ပေ ၉၄၀ ရှိ မဲဇလီတံတား အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော် ပြီးစီး



**ပွင့်ဖြူ ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ် (၂၉၅) ရှိမဲဇလီကြိုးတံတား အဆင့်မြှင့်တင်၍ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားတည်ဆောက်မှု ၉၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ စက်တင်ဘာလကုန်ပိုင်းတွင် တံတားသစ်ပေါ်မှ ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုတော့မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

မူလကြိုးတံတားအရှည် ပေ ၄၀၀ အား Steel Box Girder တံတားအမျိုးအစားဖြင့် အစားထိုး အဆင့်မြှင့်တင်လျက် ယာဉ်သွားလမ်းအကျယ်ကိုလည်း မူလပေ ၂၀ မှ ၂၄ ပေအထိ တိုးချဲ့ကာ တည်ဆောက်လျက်ရှိပြီး ပင်မတံတားအစားထိုးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် သန်းပေါင်း ၂၅၀၀ နှင့် ချဉ်းကပ်တံတား တိုးချဲ့ခြင်းလုပ်ငန်းအတွက် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေကျပ် သန်း ၂၀၀ ဖြင့် စုစုပေါင်းငွေကျပ် သန်းပေါင်း ၂၇၀၀ အကုန်ကျခံကာတည်ဆောက်နေခြင်းလည်းဖြစ်ကြောင်း သိရသည်။

ကြိုးတံတားဖြုတ်သိမ်းသော ပေ ၄၀၀ ခန်းဖွင့်အတွက် ရေလယ်တွင် ၁ ဒသမ ၂ မီတာအချင်းရှိ လွန်တူးပိုင်အုတ်မြစ်နှင့် သံကူကွန်ကရစ်တိုင်တစ်ခု တည်ဆောက်ခဲ့ပြီး ခန်းဖွင့် ပေ ၂၀၀ နှစ်ခန်းပါဝင်သော Steel Box Girder ဖြင့် အစားထိုးတပ်ဆင်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

တံတားပေါ် ကတ္တရာခင်းကျင်းခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန လမ်းအဖွဲ့က လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တံတားတည်ဆောက်ပြီးစီးပါက HS 20-44 Loading ကို ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် ယာဉ်တစ်စီးချင်းအနေဖြင့် တန် ၆၀ ခံနိုင်ရည်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

မဲဇလီတံတားကို ၂၀၀၅ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပင်မကြိုးတံတားမှာ ပေ ၄၀၀ ရှိကာ ချဉ်းကပ်တံတားမှာ ပေ ၅၄၀ ရှိပြီး စုစုပေါင်းတံတားအရှည်မှာ ပေ ၉၄၀ ရှိသော တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

မူလက ယာဉ်သွားလမ်းအကျယ် ပေ ၂၀ သာရှိသော တံတားတစ်စင်းလည်းဖြစ်ပြီး ပင်မကြိုး၏ ခံနိုင်ရည် ကျဆင်းလာသည်နှင့်အမျှ ဖြတ်သန်းသွားလာနိုင်သော ခွင့်ပြုမော်တော်ယာဉ်၏ အလေးချိန်လည်း ကျဆင်းလာခဲ့ရာ နောက်ဆုံးတွင် ၁၆ တန်သာ ခွင့်ပြုခဲ့ရကြောင်းလည်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

# တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် ပညာပေးသင်တန်း ကျိုင်းတုံမြို့၌ ဖွင့်လှစ်

**ကျိုင်းတုံ ဩဂုတ် ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကောင်းမွန်သောတိရစ္ဆာန် မွေးမြူရေးကျင့်စဉ် အလေ့အကျင့်ကောင်းများကို ပညာပေးဟောပြောပွဲသင်တန်းအား ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် ကျိုင်းတုံမြို့နယ် ပင်းတောက်အုပ်စု ပင်းတောက်ကျေးရွာ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးရဲခေါင်က အဖွင့်အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်မိုးဝင်းက တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ရှင်းလင်းပြောကြားပြီး သင်တန်းနှင့်ပတ်သက်သည့် ဘာသာရပ်များကို ဟောပြောပို့ချသည်။ ထို့နောက် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ကျေးရွာများမှ တက်ရောက်လာကြသော သင်တန်းသားများက မွေးမြူရေးဆိုင်ရာကျင့်စဉ်များကို အပြန်အလှန် ဆွေးနွေးကြသည်။

အဆိုပါ သင်တန်းသို့ ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၁၂၀ တက်ရောက်ပြီး သင်တန်းကို ဩဂုတ် ၂၇ ရက်မှ ၃၀ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**၅၆၈**

# မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၈၁ ခုနှစ်၊ လ ရက်
(၂၀၁၉ ခုနှစ်၊ လ ရက်)

၁။ ဤဥပဒေကို **“မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ”**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း ထပ်မံဖြည့်စွက်ရမည် -

“(က) **ဆေးပညာ**ဆိုသည်မှာ ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါစစ်ဆေးရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ဝေဒနာသက်သာစေခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ပြည်သူ့ကျန်းမာရေး လုပ်ငန်းများဆောင်ရွက်ခြင်းတို့ အပါအဝင် အနောက်တိုင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအားလုံးနှင့်စပ်ဆိုင်သော ပညာရပ်ကို ဆိုသည်။”

(ခ) ပုဒ်မခွဲ(ဋ)နှင့်(ဌ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဋ) **သီးခြားသတ်မှတ် အထွေထွေဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာဆေးကောင်စီက အသိအမှတ်ပြုသော အခြေခံဆေးပညာဘွဲ့ရရှိသည့် နိုင်ငံခြားသားဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဌ) **သီးခြားသတ်မှတ်အထူးဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာဆေးကောင်စီက အသိအမှတ်ပြုသော ဘွဲ့လွန်ဒီဂရီ သို့မဟုတ် ဘွဲ့လွန်ဒီပလိုမာရရှိပြီး သတ်မှတ်ထားသော အရည်အချင်းပြည့်မီသည့် နိုင်ငံခြားသားဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ထုတ်ပေးသောဆေးကုသခွင့် လိုင်စင်ကို ဆိုသည်။”

၃။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဝါရင့်အငြိမ်းစားဆေးပညာရှင်နှစ်ဦး ပါဝင်သည့် နာယကအဖွဲ့ကို ဖွဲ့စည်းရမည်။”

၄။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၆ တွင် -

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က) နာယကအဖွဲ့သည် ကောင်စီကို ၇၅ ဦးထက်မပိုသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။”

(ခ) ပုဒ်မခွဲ(က)၏နောက်တွင် ပုဒ်မခွဲ(က-၃)၊ (က-၁၀) နှင့်(က-၁၂) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က-၃) ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန။

(က-၁၀) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ။

(က-၁၂) ကောင်စီ၏လုပ်ငန်းများတွင် စိတ်ပါဝင်စား၍ အများပြည်သူ၏ ယုံကြည်လေးစားမှုကိုရှိသော အငြိမ်းစားဆရာဝန်ကြီး ၁၅ ဦး။”

၅။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၆ တွင် ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း ထပ်မံဖြည့်စွက်ရမည် -

“(ဂ)နာယကအဖွဲ့သည် ကောင်စီက ကျင်းပပြုလုပ်သော အစည်းအဝေးများတွင် တက်ရောက်ခြင်း၊ ပါဝင်ဆွေးနွေးခြင်းနှင့် အကြံပြုချက်များပေးခြင်း ပြုနိုင်သည်။”

၆။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၈ ၊ ပုဒ်မခွဲ(က-၃)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က-၃) ကောင်စီဝင် (၁၆) ဦး အဖွဲ့ဝင်များ”

၇။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၉။ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။”

၈။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ အခန်း(၅)၏ အခန်းခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(၅)နာယကအဖွဲ့ဝင်၊ ကောင်စီဝင်နှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်တို့၏ ရပိုင်ခွင့်များ”

၉။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၁၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော နာယကအဖွဲ့ဝင်၊ ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်တို့၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။”

၁၀။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က)ကောင်စီ၏ ပုံမှန်အစည်းအဝေးကို လေးလလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေးကျင်းပခြင်း”

၁၁။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ခ)နှင့်(ဂ)ကို အောက်ပါအတိုင်း ပုဒ်မခွဲ(ခ)အနေဖြင့် ပေါင်းစည်းရမည် -

“(ခ) စီမံရေးရာဌာန၊ မှတ်ပုံတင်ဌာန၊ ငွေစာရင်းဌာန၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းဌာန၊ နိုင်ငံခြားဆက်သွယ်ရေးဌာန၊ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနတို့တွင် လက်ထောက်ရုံးအဖွဲ့မှူး တစ်ဦးစီ။”

၁၂။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါအတိုင်း ထပ်မံပြင်ဆင်ဖြည့်စွက်ရမည် -

“၃၀။ကောင်စီသည် -

(က) မှတ်ပုံတင်ဆရာဝန် တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိရပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး သုံးစွဲကြောင်းပေါ်ပေါက်ခြင်း၊

(၂) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကိုခံရပြီး ယင်းပြစ်မှုသည် ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန် မသင့်ဟု ကောင်စီက သတ်မှတ်ထားသော ပြစ်မှုဖြစ်ခြင်း၊

(၃) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း။

(ခ) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံရသော ဆရာဝန်တစ်ဦးဦးသည် -

(၁) ပေါ်ပေါက်ခဲ့သော အခြေအနေများမှ ပြန်လည်ပြုပြင်ပြီးပြီဟု ခံယူပါက ကောင်စီသို့ ဆရာဝန်မှတ်ပုံတင်ရရှိရန် ပြန်လည်လျှောက်ထားနိုင်သည်။

(၂) ကောင်စီသည် သတ်မှတ်ချက်များနှင့်အညီ စိစစ်၊ စစ်ဆေး၊ သုံးသပ်ပြီး ဆရာဝန်မှတ်ပုံတင် ပြန်လည်ထုတ်ပေးခြင်းနှင့်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။”

၁၃။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေ ပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၃၅။အခြေခံဆေးပညာဘွဲ့နှင့် အလားတူ ဆေးပညာဘွဲ့ရ နိုင်ငံခြားသားဆရာဝန်သည် သီးခြားသတ်မှတ် အထွေထွေဆေးကုသခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။”

၁၄။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၃၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၃၆။အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၅ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေ၍ ကုသခွင့်ရှိသောနေရာ၊ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် သီးခြားသတ်မှတ် အထွေထွေဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၅။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၃၉။နိုင်ငံခြားသား အထူးကုဆရာဝန်သည် မြန်မာနိုင်ငံတွင် ဆေးကုသသည့် လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက သီးခြားသတ်မှတ် အထူးဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၁၆။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေပုဒ်မ ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၄၀။အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၉ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများပေးသွင်းစေ၍ ကုသခွင့်ရှိသော ဆေးပညာဘာသာရပ် အမျိုးအစား၊ ကုသခွင့်ရှိသောနေရာ၊ ဒေသနှင့်အချိန်ကာလများကို ကန့်သတ်လျက် သီးခြားသတ်မှတ် အထူးဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။”

# မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ဥပဒေကြမ်း
( ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေအမှတ်၊ )
၁၃၈၁ ခုနှစ်၊ လ ရက်
( ၂၀၁၉ ခုနှစ်၊ လ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဆက်သွယ်ရေး (Telecommunications)** ဆိုသည်မှာ သတင်းအချက်အလက်တစ်ရပ်ရပ်ကို ဝါယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသော လျှပ်ကူးကြိုးတစ်ခုခုကို အသုံးပြု၍သော်လည်းကောင်း၊ ရေဒီယိုလှိုင်း၊ အလင်းတန်း၊ အခြားသော လျှပ်စစ်သံလိုက်ဓာတ်ထုတ်လွှတ်သည့် နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍သော်လည်းကောင်း မူရင်းအတိုင်းဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကို ဆိုသည်။

(ဂ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင်ကို ဆိုသည်။

(ဃ) **လိုင်းနှုန်းစဉ်** ဆိုသည်မှာ ၃ ဟတ်ဇ်မှ ၄၂၀ တာရာဟတ်ဇ် လှိုင်းနှုန်းအထိ ပါဝင်သည့် စဉ်ဆက်မပြတ်သော လျှပ်စစ်သံလိုက်လှိုင်း၏ လှိုင်းနှုန်းစဉ်ကို ဆိုသည်။

(င) **သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဥပဒေများ** ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် သက်ဆိုင်သောဥပဒေများ၊စာပို့တိုက်ကဏ္ဍနှင့် သက်ဆိုင်သော ဥပဒေများအားလုံး ပါဝင်သည်။

(စ) **လိုင်စင်**ဆိုသည်မှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာဥပဒေများနှင့်အညီ သက်ဆိုင်ရာက ထုတ်ပေးသော လိုင်စင်တစ်ခုခုကို ဆိုသည်။

(ဆ) **ခွင့်ပြုချက်** ဆိုသည်မှာ ဤဥပဒေနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဥပဒေများအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းအရ သက်ဆိုင်ရာက ထုတ်ပေးသော ခွင့်ပြုချက်များကို ဆိုသည်။

(ဆက်လက်ဖော်ပြပါမည်)

## တိုတိုထွာထွာဖတ်စရာ

### ပျဥ်းပင်ဆည် ရေထိန်းတံခါးရေမလုံမှု ပြုပြင်ပြီးစီး

**ငါ့သရောက်**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ အမှတ် (၂) ပျဥ်းပင်ရပ်ရှိ ပျဥ်းပင်ဆည်တွင်တပ်ဆင်ထားသည့် ရေထိန်းတံခါးပျက်စီးနေမှုကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဩဂုတ် ၂၇ ရက်က ပြန်လည်ပြုပြင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပျဥ်းပင်ဆည်ရေထိန်းတံခါးမလုံမှုကြောင့် ဝင်ရောက်လာသည့်ရေများ အဆက်မပြတ်ထွက်နေရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းထိန်နှင့်ဝန်ထမ်းများက ရေစီးဆင်းသည့်ရေတံခါးအောက်ခြေနှင့် အဖွင့်အပိတ်ရေထိန်းတံခါးရွက် ကွာဟနေမှုအား ရေငုပ်ပြီး ရေထိန်းတံခါးအောက်ခံနေသည့် ဒိုက်နှင့် ကျောက်တုံး၊ ကျောက်ခဲများ ဖယ်ရှားကာ ရေထိန်းတံခါးမှ ရေအမြဲထွက်နေမှုအား ပြန်လည် ပြုပြင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ကိုထိန် (ငါ့သရောက်)**

### အိမ်တိုင်ရာရောက်ရေရရှိရေး ဆောင်ရွက်

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ကျေးရွာများတွင် အိမ်တိုင်ရာရောက် ရေရရှိရေးစနစ်ကို အကောင်အထည်ဖော် လုပ်ဆောင်နေပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာနှစ်ရွာ၌ လုပ်ဆောင်ပြီးဖြစ်ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာရှစ်ရွာကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အိမ်တိုင်ရာရောက်ရေရရှိရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယူနီဆက်က ရေသွယ်ပိုက်တာဝန်ယူခြင်း၊ ကျေးရွာ ပြည်သူများက ရေစင်တည်ဆောက်ခြင်း၊ ရေမီတာ၊ ပိုက်ဆက်ပစ္စည်း ဝယ်ယူခြင်း၊ လုပ်အားကူညီမှုအပိုင်းတို့ကိုတာဝန်ယူခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လိုအပ်သည့်နည်းပညာများ တာဝန်ယူသွားမည်ဖြစ်သည်။

**ဇေယျာတု(မကွေး)**

### ဒို့မေတ္တာလူမှုကူညီရေးအသင်းက အခမဲ့ဆေးဝါးကုသပေး

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြင်တင်ရပ်ရှိ ဒေါက်တာစိုးမြင့်အောင်၏ ကိုယ်ပိုင်ဆေးခန်း၌ ဩဂုတ် ၂၆ ရက် နံနက် ၇ နာရီမှစတင်ကာ အခမဲ့ဆေးကုသပေးခဲ့သည်။

ဒေါက်တာစိုးမြင့်အောင်က လူနာများကိုစမ်းသပ်ကုသခမယူဘဲကုသပေးပြီး ဆေးဖိုးများကို ဒို့မေတ္တာလူမှုရေးပရဟိတအသင်းက လှူဒါန်းခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ကာယဗလ၊ ကာယကြံ့ခိုင်မှုအလှမယ်နှင့် ရှမ်း၊ ချင်းတိုင်းရင်းသားရိုးရာအလှမယ် ပြိုင်ပွဲကျင်းပ

**မုံရွာ ဩဂုတ် ၂၈**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် မုံရွာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ကာယဗလ၊ ကာယကြံ့ခိုင်မှု အလှမယ်နှင့် ရှမ်း၊ ချင်းတိုင်းရင်းသားရိုးရာ အလှမယ်ပြိုင်ပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီက မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

မုံရွာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသက်နိုင်ဦး တက်ရောက်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အထက်မြန်မာပြည်တက္ကသိုလ်များအဆင့်ကာယဗလမောင်၊ ကာယကြံ့ခိုင်မှုအလှမယ် ပြိုင်ပွဲတွင် မုံရွာတက္ကသိုလ် ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများ ပေါ်ထွက်လာရန်၊ အားကစားပြိုင်ပွဲ ကျင်းပခြင်းဖြင့် ကျောင်းသား ကျောင်းသူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ကျန်းမာပျော်ရွှင်စွာဖြင့် ပညာသင်ကြားနိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ် မုံရွာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အလှမယ်ပြိုင်ပွဲတွင် ဘာသာရပ်ပေါင်းစုံမှ ကာယဗလမောင် ၁၄ ဦး၊ ကာယကြံ့ခိုင်မှုအလှမယ် ၁၉ ဦး၊ ရှမ်းတိုင်းရင်းသားရိုးရာ အလှမယ်ပြိုင်ပွဲသို့ ပြိုင်ပွဲ



ဝင် ၁၅ ဦးနှင့် ချင်းတိုင်းရင်းသားရိုးရာ အလှမယ်ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၇ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

## မန္တလေးတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတက္ကသိုလ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကာယအလှမယ် အကြီးတန်း၊ အငယ်တန်းပြိုင်ပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီတွင် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းက အဖွင့်အမှာစကားပြောကြားပြီး အကြီးတန်း၊ အငယ်တန်း အလှမယ်တို့က သတ်မှတ်ကိုယ်ဟန်တို့ဖြင့် ပြသယှဉ်ပြိုင်ကြသည်။




ကာယအလှမယ် (အကြီးတန်း) ပြိုင်ပွဲတွင် မနှင်းဝတ်ရည်(ကွန်ပျူတာသိပ္ပံ)က ပထမ၊ မမြတ်သဒ္ဒါဖြူ (နိုင်ငံတကာဆက်ဆံရေးပညာ) က ဒုတိယ၊ မမေသံစဥ်ဇော် (စိတ်ပညာ) က တတိယရရှိပြီး ကာယအလှမယ် (အငယ်တန်း) ပြိုင်ပွဲတွင် မသီရိထိုက်စံ(မြန်မာစာ)က ပထမ၊ မနိုနိုစိမ့်(မြန်မာစာ)က ဒုတိယ၊ မခင်ပိုးဥထွန်း(ရူပဗေဒ)က တတိယဆု အသီးသီးရရှိခဲ့ကြရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**အောင်စံမောင်**

## Miss & Mister Tourism and Culture Universe 2019 ပြိုင်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၈**

ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနနှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ခရီးသွားမြှင့်တင်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ် Miss & Mister Tourism and Culture Universe 2019 ပြိုင်ပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၁၁ နာရီက မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ရွှေစာရံရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ရတနာခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲသို့ အရှေ့တောင်အာရှနိုင်ငံများ၊ တောင်အာရှနိုင်ငံများ၊ ဥရောပနှင့် အာဖရိကနိုင်ငံများ အပါအဝင် နိုင်ငံ ၂၃ နိုင်ငံမှ ကာယအလှမောင်နှင့် ကာယအလှမယ် ၃၆ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး နိုင်ငံအလိုက် ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေသည်။

Miss & Mister Tourism and Culture Universe 2019 ပြိုင်ပွဲအပြီးတွင် မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ရွှေနှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာတို့က ပါဝင်ယှဉ်ပြိုင်ကြသူများအား အမှတ်တရလက်ဆောင် ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**




## ကမ္ဘာ့ရွှေဈေးမြင့်တက်မှုနှင့်အတူ ပြည်တွင်းရွှေဈေး စံချိန်တင်မြင့်တက်

**ရန်ကုန် ဩဂုတ် ၂၈**

ကမ္ဘာ့ရွှေဈေး မြင့်တက်မှုနှင့်အတူ ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၂၄၀၀၀၀ ကျော်အထိ စံချိန်တင်မြင့်တက်နေကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးအုန်းမြိုင်က ပြောကြားသည်။

လက်ရှိ ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၂၄၀၀၀၀ ကျော်ရှိပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၃၀ ကျော်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

“ရွှေဈေး ဆက်တက်ဖို့အနေအထားက လက်ရှိအတိုင်းအတာနဲ့တော့ ဈေးက ဆက်တက်စရာအကြောင်းတော့ သိပ်မရှိပါဘူး၊ ဒီအတန်းမှာတော့ ခဏတစ်ဖြုတ်ပဲ ငြိမ်မယ်ထင်တယ်၊ ကမ္ဘာ့ဈေး ပြန်အေးရင်တော့ ပြန်ကျသွားမှာပါ”ဟု ဦးအုန်းမြိုင်က ဆက်ပြောသည်။

သို့ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွှေလုပ်ငန်းရှင်များအနေဖြင့် ရွှေကို ရောင်း/ဝယ်ကြရာတွင် လက်ငင်းငွေချေ ရောင်းဝယ်ကြရန်ဖြစ်ပြီး နှုတ်ဖြင့် အရောင်းအဝယ် မပြုလုပ်ကြရန်နှင့် ဈေးနှုန်းမြှင့်တင် ရောင်းချခြင်းကိုလည်း မပြုလုပ်ကြရန် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းမှ အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

“ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်ကတော့ ပါးပါတယ်၊ မှန်မှန်လေးပဲဖြစ်တယ်၊ ငွေလိုတဲ့သူ ရောင်းတယ်၊ ငွေပိုတဲ့သူ ဝယ်တယ်၊ ဒီလောက်ပဲ၊ ခါတိုင်းလို အင်နဲ့အားနဲ့တော့ မဖြစ်ဘူး” ဟု ဦးအုန်းမြိုင်က ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် နှစ်စမှစ၍ ပြည်တွင်းရွှေဈေးမှာ ကမ္ဘာ့ရွှေဈေး မြင့်တက်မှုနှင့်အတူ စံချိန်သစ်များ ထပ်ကာထပ်ကာ ချိုးလာခဲ့ရာ ဇန်နဝါရီ ၁၇ ရက်မှ ၂၉ ရက်အတွင်း တစ်ကျပ်သားလျှင် ငွေကျပ် ၁၀၅၀၀၀၀ ကျော်၊ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အတွင်း ငွေကျပ် ၁၀၆၀၀၀၀ ကျော်၊ ဖေဖော်ဝါရီ ၈ ရက်မှ ၁၈ ရက်အတွင်း ငွေကျပ် ၁၀၇၀၀၀၀ ကျော်၊ ဖေဖော်ဝါရီ ၁၉ မှ ၂၁ ရက်အတွင်း ငွေကျပ် ၁၀၈၀၀၀၀ ကျော်၊ ဇွန် ၂၁ ရက်မှစ၍ ငွေကျပ် ၁၁၁၀၀၀၀ ကျော်အထိ စံချိန်သစ်များ အသီးသီးဖြစ်ပေါ်ခဲ့ပြီး ဆက်လက်၍ တဖြည်းဖြည်းမြင့်တက်လာရာ ဩဂုတ် ၇ ရက်တွင်မူ ယခင်ချိုးထားသည့် စံချိန်များထက်ကျော်လွန်၍ ငွေကျပ် ၁၂၀၀၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။

ပြီးခဲ့သည့် သုံးလက ရွှေဈေးကို ပြန်ကြည့်ပါက မေတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ကျပ် ၁၀၃၅၂၀၀ (မေ ၂ ရက်) နှင့် အမြင့်ဆုံးနှုန်း ကျပ် ၁၀၅၉၂၀၀ (မေ ၁၄ ရက်)၊ ဇွန်တွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ကျပ် ၁၀၅၅၀၀၀ (ဇွန် ၁ ရက်) နှင့် အမြင့်ဆုံးနှုန်း ကျပ် ၁၁၂၅၅၀၀ (ဇွန် ၂၅ ရက်)၊ ဇူလိုင်တွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးနှုန်း ကျပ် ၁၀၉၉၀၀၀ (ဇူလိုင် ၁ ရက်) နှင့် အမြင့်ဆုံးနှုန်း ကျပ် ၁၁၄၉၄၀၀ (ဇူလိုင်၃၁ ရက်) တို့ဖြစ်ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။ **ငြိမ်းငြိမ်း**




## Forever Group နှင့် ကြီးမြတ်သောမြန်မာ 3D ရုပ်ရှင်ဇာတ်ကားကြီး မိသားစုတို့က အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိခြင်းနှင့် တတိယအပတ်ပြသခြင်းတွင် ပရိသတ်အား ကျေးဇူးတုံ့ပြန်မည့် အစီအစဉ်ကြေညာခြင်း

မြန်မာနိုင်ငံ Forever Group နှင့် ကိုရီးယားနိုင်ငံ EBS (Education Broadcast System) တို့မှ ပူးပေါင်းရိုက်ကူးခဲ့သည့် ကြီးမြတ်သောမြန်မာ (The Great Myanmar) 3D Docu-Fiction ရုပ်ရှင် ဇာတ်ကားကြီးကို (၁၅.၈.၂၀၁၉) ရက်မှ (၂၁.၈.၂၀၁၉) ရက်အထိ ရုံတင်ပထမအပတ် ကိုလည်းကောင်း၊ (၂၂.၈.၂၀၁၉) ရက်မှ (၂၈.၈.၂၀၁၉) ရက် အထိ ရုံတင်ဒုတိယအပတ်ကို လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပြသခွင့်ရရှိသော ရုံနှင့် ပွဲချိန်များတွင် ပြသခဲ့ရာ၌ အထူး စိတ်ဝင်စားစွာဖြင့် လာရောက်ကြည့်ရှုအားပေးကြသော ပရိသတ်များကိုလည်းကောင်း၊ ရုံတင်ပြသ နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါသော ရုပ်ရှင်ရုံအသီးသီးမှ တာဝန်ရှိသူများ ရုံရက်ချိတ် မန်နေဂျာနှင့် ဒေသဆိုင်ရာ တာဝန်ခံမန်နေဂျာများကိုလည်းကောင်း၊ ရုပ်ရှင်ကို ကြည့်ရှုပြီးနောက် ဝေဖန်ထောက်ပြရေးသားပြောဆို အကြံပြုပေးပါသော ပရိသတ်များအားလုံးနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့ကို Forever Group နှင့် ကြီးမြတ်သောမြန်မာ 3D ရုပ်ရှင်ဇာတ်ကားကြီး မိသားစုတို့က အထူး လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မကြည့်ရှုရသေးသော ပရိသတ်များနှင့် ထပ်မံကြည့်ရှုလိုသော ပရိသတ်များအတွက် (၂၉.၈.၂၀၁၉) ရက်မှ (၄.၉.၂၀၁၉) ရက်အထိ တတိယအပတ်အဖြစ် ဆက်လက်၍ အောက်ဖော်ပြပါ ရုပ်ရှင်ရုံများတွင် ပြသသွားမည်ဖြစ်ရာ အားပေးကြသော ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် **ပြသမည့်ရုပ်ရှင်ရုံများနှင့် ပွဲချိန်များအလိုက် လာရောက်ကြည့်ရှုသော လက်ရှိကျောင်းတက်နေဆဲ မည်သည့် ကျောင်းသူ/ ကျောင်းသားမဆို ကျောင်းသားကတ်ဖြင့် ကိုယ်တိုင်ဝယ်ယူပါက ရုံဝင်ခ၏ (၃၀%) ကို လျှော့ပေါ့၍ ကျေးဇူးတုံ့ပြန်သွားမည်ဖြစ်ပါကြောင်း** ရုံတင်ပြသမည့် ရုံစာရင်း ပွဲချိန်များနှင့်အတူ သတင်းကောင်းပါးအပ်ပါသည်။

## ၂၉.၈.၂၀၁၉ ရက်မှ စတင်၍ တတိယအပတ်အဖြစ် ဆက်လက်ပြသသွားမည့် ရုပ်ရှင်ရုံများ

### ရန်ကုန်

**JCGV**

| | |
|---|---|
| Junction City | 3D |
| Junction Square | 3D |

**မင်္ဂလာ**

| | |
|---|---|
| မင်္ဂလာ (တောင်ဒဂုံ) | 3D |
| မင်္ဂလာ (ဂမုန်းပွင့်) | 3D |
| ရွှေဆောင် | 3D |

**Mega Ace**

| | |
|---|---|
| မြေရတနာ (သာကေတ) | 2D |
| ကန်သာယာ (မြောက်ဥက္ကလာ) | 3D |
| Capital ဒေါပုံ | 3D |
| Super One လှိုင်သာယာ | 2D |

### မန္တလေး

**JCGV**

| | |
|---|---|
| မန္တလေး | 2D |

**Mega Ace**

| | |
|---|---|
| မြို့ဂျက်ရောင် | 2D |

### နေပြည်တော်

**JCGV**

| | |
|---|---|
| နေပြည်တော် | 2D |

### မုံရွာ

**Red Radiance**

| | |
|---|---|
| Power | 3D |

### ပြည်

**မင်္ဂလာ**

| | |
|---|---|
| မင်္ဂလာထွန်းသီရိ | 3D |

### ပဲခူး

**မင်္ဂလာ**

| | |
|---|---|
| Mingalar (Icon Shopping Mall) | 3D |

## ဖိတ်ကြားလွှာ

**ဓမ္မကထိက ဆရာတော်ကြီးများအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့် အာစိဏ္ဏက၊ ပဒေသာပင် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနား**

ရွှေတိဂုံစေတီတော်ရင်ပြင် ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန် ဆန်လှူအသင်းကြီး၏ (၉၃)ကြိမ်မြောက် ဓမ္မကထိက ဆရာတော်ကြီးများအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့်အာစိဏ္ဏက၊ ပဒေသာပင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အမှုဆောင်၊ အသင်းသူ အသင်းသား၊ အလှူရှင်များကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာပေးပို့မည်မဟုတ်ပါ)

**အစီအစဉ်**

ကျင်းပမည့်နေ့ရက် ။ ။ (၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၂ရက်)<br>၃၁-၈-၂၀၁၉ရက် (စနေနေ့)

ကျင်းပမည့်အချိန် ။ ။ နံနက် ၉နာရီ

ကျင်းပမည့်နေရာ ။ ။ အမှတ်(၇၇/၇၉)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

**အမှုဆောင်အဖွဲ့**<br>**ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး**<br>**ဖုန်း-၀၁-၅၂၃၆၉၄၊ ၀၁-၉၃၁၇၂၈၆၊ ၀၉-၂၅၄၈၉၁၆၇၀**

---

## ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ (၀၆) နှစ်ပြည့်အထူးအစီအစဉ်

**အိန္ဒိယ - နီပေါ သံဝေဇနီယခရီးစဉ်**

၁၅ ရက်ခရီးစဉ် - (USD700 + 200000 Ks)<br>၁၂ ရက်ခရီးစဉ် - (USD650 + 200000 Ks)<br>၈ ရက်ခရီးစဉ် - (USD600 + 200000 Ks)

(၁၀) ဦး + (၁) ဦးအခမဲ့ / (၅) ဦး + (၁) ဦး (10%) (သံဃာ/သီလရှင်များအား (80000 Ks) တိတိလျှော့ပေးပါမည်။)

**(၁၄ည/၁၅ရက်)ခရီးစဉ်များတွင်နယူးဒေလီ၌ဟိုတယ်(၂)ညတည်းခိုမည်ဖြစ်ပါသည်။**

(၁) ၈-၁၀-၂၀၁၉ [သီတင်းကျွတ်လပြည့် (အဘိဓမ္မာနေ့)] (၂) ၈-၁၁-၂၀၁၉ (တန်ဆောင်တိုင် ဓါတ်တော်ပူဇော်ပွဲ)<br>(၃) ၁၉-၁၁-၂၀၁၉ (၄) ၃-၁၂-၂၀၁၉ (၅) ၁၆-၁၂-၂၀၁၉ (၆) ၁၄-၁-၂၀၂၀ (၇) ၃-၂-၂၀၂၀<br>(၈) ၁၈-၂-၂၀၂၀ (၉) ၁၆-၃-၂၀၂၀ (၁၀) ၆-၄-၂၀၂၀

ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မိခင်ကြီး (၈၉) နှစ်ပြည့် အထူးအစီအစဉ်အဖြစ် (၁၆ ဒီဇင်ဘာ ၂၀၁၉) နှင့် (၁၄ ဇန်နဝါရီ ၂၀၂၀) အဖွဲ့များတွင် လိုက်ပါမည့်ဘုရားဖူးများအား အထက်ပါအစီအစဉ်များအပြင် လူပုဂ္ဂိုလ် - ၄၀၀၀၀ ကျပ်၊ သံဃာ / သီလရှင် - ၄၀၀၀၀ ကျပ် ထပ်မံလျှော့ပေးပါမည်။

အမှတ် (၄၄)၊ လမ်းသစ်လမ်း။ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၂၁၁၉၄၄၊ ၂၁၁၉၅၅၊ ၂၂၉၃၁၅၊ ၂၂၂၇၂၀<br>၀၉-၉၆၄၁၀၅၆၅၆ / ၀၉-၉၆၄၁၀၅၇၅၇ / ၀၉-၉၆၄၁၀၅၈၅၈ / ၀၉-၉၆၄၁၀၅၉၅၉<br>Facebook Page : www.facebook.com/yangonbodhgaya

---

### မိဘအမည်မှန်

ကျွန်းစုမြို့နယ်၊ အထက (သဇင်) ဒသမတန်းမှ မောင်ကျော်ဒေးယျ၏ မိဘအမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးမျိုးဇော်ကို [၆/ကစန(နိုင်)၀၄၉၂၀၆]၊ ဒေါ်အေးအေးလွင် [၆/ကစန(နိုင်)၀၆၃၉၆၈] ဖြစ်ပါကြောင်း။

**ဦးမျိုးဇော်ကို၊ ဒေါ်အေးအေးလွင်**

### မိခင်အမည်မှန်

ပုလောမြို့နယ်၊ အထက(ခွဲ)တို၊ ဒသမတန်းမှ မအိမ့်ချိုသွယ်၏ မိခင်အမည်မှန်မှာ ဒေါ်အုံးရီ [၆/ပလန(နိုင်)၀၀၈၄၁၂] ဖြစ်ပါကြောင်း။

**ဒေါ်အုံးရီ**

### မြန်မာ့သနပ်ခါးမဂ္ဂဇင်းအတွက် စာမူနှင့် ကြော်ငြာများဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံသနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလဆန်းတွင် ကျင်းပမည့် နှစ်ပတ်လည်ညီလာခံအမီ "မြန်မာ့သနပ်ခါး" အမည်ဖြင့် မဂ္ဂဇင်းတစ်စောင် ထုတ်ဝေမည်ဖြစ်၍ ကာတွန်း၊ ကဗျာ၊ဆောင်းပါး၊ ဝတ္ထုတို စာမူများနှင့် ကြော်ငြာများကို အောက်ဖော်ပြပါ မြို့နယ်များရှိ အယ်ဒီတာအဖွဲ့ဝင်များနှင့် အသင်းချုပ်တည်ရှိရာ ကျန်စစ် သားလမ်း၊ နန္ဒဝန်ရပ်ကွက်ရှိ မုံရွာခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ဖုန်း-၀၉-၄၀၀၅၃၁၅၀၅ တို့သို့ ၂၄-၉-၂၀၁၉ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။ ၁။ နေမင်းသန်း ၀၉-၂၂၂၈၂၄၇၊ မုံရွာ၊ ၂။ စိုးဝင်းဗိုလ် (အရာတော်)၊ ၀၉-၇၈၇၃၇၃၅၈၀၀၊ မန္တလေး၊ ၃။ စန်းစန်းမော် (အသင်းချုပ်ရုံးအဖွဲ့မှူး) ၀၉-၇၉၇၃၈၈၀၆၄၊ မုံရွာ၊ ၄။ ပျိုးကြဲလက်၊ ၀၉-၇၉၄၃၄၅၂၀၀၊ မုံရွာ၊ ၅။ မြတ်သုတ (မြန်မာစာ)၊ ၀၉-၄၀၀၄၀၅၄၄၉၊ မုံရွာ၊ ၆။ ခင်မောင်ဌေး (ပေါက်)၊ ၀၉-၄၄၃၆၆၆၄၆၅၊ ပေါက်၊ ၇။ ကျော်ရဲနိုင် (ရွှေဘို)၊ ၀၉-၄၀၀၈၇၈၃၂၂၊ ရွှေဘို၊ ၈။ တောမြင့်မြေ (ကျွန်းလှယဉ်)၊ ၀၉-၇၉၄၆၄၅၂၅၀၊ ပခုက္ကူ၊ ၉။ ဘိုရဲ (ရေစကြို)၊ ၀၉-၂၅၉၉၆၇၂၃၂၊ ရေစကြို၊ ၁၀။ ညီညီအောင် (မြိုင်)၊ ၀၉-၇၉၃၈၆၈၄၇၄၊ မြိုင်)၊ ၁၁။ ဆွေမြင့် (အရာတော်) ၀၉-၂၅၆၆၀၁၉၇၇၊ အရာတော်။

GW 0973226006<br>0973133528<br>0973077569<br>အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း<br>ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။<br>09401505559

### အမည်ပြောင်း

(အဖ)ဦးရဲဝင်းနိုင်၏သား ရန်ကုန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ်၊ ဒသမတန်း(သဇင်) အခန်း၊ ကျောင်းဝင်အမှတ်-၈၈၂/၀၉မှ မောင်သူထက်စံ [၁၂/ဒဂန(နိုင်)၀၃၇၃၂၇]အား မောင်ကျော်ဇေယျာမင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကျော်ဇေယျာမင်း**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅၉ယ/၈၆၇၀၃၊ အမျိုးအမည် Honda Click 125 အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ အမည် Yin Min San Co.,Ltdမှ ယာဉ်မှတ်ပုံတင်စာအုပ်ကမ-၃ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

### မွေးသက္ကရာဇ်အမှန်

ကျွန်းစုမြို့နယ်၊ အထက (စခန်းသစ်)၊ ဒသမတန်းမှ (ဘ) ဦးညီလွင်၏သမီး မဝင်းနဒီထွေး၏ မွေးသက္ကရာဇ်အမှန်မှာ မှတ်ပုံတင်စာရင်းအရ ၆-၄-၂၀၀၄ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကျွန်းစုမြို့နယ်၊ အထက (သဇင်)၊ အဋ္ဌမတန်းမှ မသရဖူစိုး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးစိုးလှိုင် [၆/ကစန(နိုင်)၀၄၉၃၄၂]ဖြစ်ပါကြောင်း။ **ဦးစိုးလှိုင်**

**တောတောင်ခြောက်ခန်း လယ်ယာနွှမ်း၏**

---

ရိုးမဘဏ်အိမ်ရာချေးငွေ ရဲ့

**၁၂ လ အတွက် ၁၂ % p.a. ပုံသေအတိုးနှုန်း ***




၂၀၁၉ ဩဂုတ်လ ၁ ရက် မှ စက်တင်ဘာလ ၃၀ ရက် အတွင်း အိမ်ရာချေးငွေလျှောက်ထားသူများသာ

YOMA BANK CALL CENTER 9662 (အခမဲ့ဖုန်း) 097-9662-9662

Email: homeloans@yomabank.com | www.yomabank.com<br>*သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။

ရိုးမဘဏ်<br>ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀ ခု အတည်ပြုခြင်းကြောင့် ပြည်တွင်းလုပ်သား ၄၀၀၀ ကျော်အတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မည်



နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတည်ရှိရာ သီလဝါအထူးစီးပွားရေးဇုန်ကို တွေ့ရစဉ်။

**ရန်ကုန် ဩဂုတ် ၂၈**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀ ခုကို ယနေ့ နံနက်ပိုင်းက ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၄)ကြိမ်မြောက် အစည်းအဝေးတွင် အတည်ပြုခွင့်ပြုခဲ့ပြီး ယင်းလုပ်ငန်းများမှ ပြည်တွင်းလုပ်သား ၄၂၆၈ ဦးအတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကန်ဒေါ်လာ ၁၀ ဒသမ ၆၅၅ သန်းဖြစ်**

အဆိုပါခွင့်ပြုခြင်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀ ခု၏ မတည်ငွေရင်းပမာဏမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆၅၅ သန်း ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဩဂုတ် ၂၈ ရက်အထိ စက်မှုကဏ္ဍ၊ ဟိုတယ်ကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ အိမ်ရာ အဆောက်အအုံကဏ္ဍနှင့်

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❍

## အာရှပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ခြေစမ်းပွဲများ ကစားမည်


အာရှခြေစစ်ပွဲအောင်မြင်ထားသည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း။

**ရန်ကုန် ဩဂုတ် ၂၈**

၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယခုလကုန်မှစတင်ကာ ခြေစမ်းပွဲများ ဆက်တိုက်ကစားမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဩဂုတ် ၃၁ ရက်တွင် ပြည်တွင်း လူငယ်အမျိုးသားအသင်းနှင့် ခြေစမ်းပွဲကစားမည်ဖြစ်ပြီး စက်တင်ဘာလလယ် တွင်လည်း ခြေစမ်းပွဲသုံးပွဲကို နှစ်ရက်ခြားတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဇူလိုင် ၁ ရက်တွင် စတင်လေ့ကျင့်ခဲ့ရာ ဩဂုတ်လဆန်းအထိ နိုင်ငံတကာခြေစမ်းပွဲ တစ်ပွဲ၊ ပြည်တွင်းခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး သုံးပတ်ကျော်ကြာ ခြေစမ်းပွဲကစားခြင်းမရှိဘဲ ရပ်နားထားခြင်းဖြစ်သည်။

**လေ့ကျင့်ပြင်ဆင်လျက်ရှိ**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် စက်တင်ဘာလနောက်ဆုံးပတ်နှင့် အောက်တိုဘာလတွင် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ပြည်ပလေ့ကျင့်ရေး ခရီးစဉ်နှင့် နိုင်ငံတကာခြေစမ်းပွဲများ ကစားခွင့်ရရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် လက်ရှိတွင် ပဏာမကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး စက်တင်ဘာလတွင် ကစားသမားအချို့

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ကြေးမုံ ယနေ့ဖတ်စရာ

ဂျပန်နိုင်ငံ အနောက်ဘက်ပိုင်းတွင် ရေကြီးရေလျှံမှု ဖြစ်ပွား ပို့ဆောင်ရေးလမ်းကြောင်းများ ယာယီရပ်ဆိုင်း
စာမျက်နှာ » ၁၂

တွဲသဘော်ဆီကန်ပေါက်ကွဲမှုဖြစ်၊ နှစ်ဦး သေဆုံး
စာမျက်နှာ » ၁၄

ဟန့်တား၍မရသည့် သဘာဝဘေးအန္တရာယ်များ
ဆောင်းပါး စာမျက်နှာ » ၁၅

Miss & Mister Tourism and Culture Universe 2019 ပြိုင်ပွဲ ကျင်းပ
စာမျက်နှာ » ၁၉

